


# ဒုက္ခထဲမှာမပျော်ကြပါနဲ့တော့

## ပဋိစ္စသမုပ္ပါဒ်

(၂၅၆)

ဟောကြားသည့်နေ့
၂၃ – ၁၁ – ၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၈) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဒုက္ခထဲမှာမပျော်ကြပါနဲ့တော့

(ပဋိစ္စသမုပ္ပါဒ်)

ဟောကြားသည့်နေ့ (၂၃-၁၁-၁၉၆၁)

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒကာ ဒကာမတို့ မိမိခန္ဓာအစဉ်ကြီးတစ်ဘဝနဲ့တစ်ဘဝ အကြောင်းအကျိုးဆက်တာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

## ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာတုံး

ပဋိစ္စသမုပ္ပါဒ်ဆိုတာမိမိခန္ဓာအစဉ် တစ်ဘဝနဲ့ တစ်ဘဝ အကြောင်းအကျိုးဆက်စပ်နေတာကိုပြပါတယ်. . . (မှန်ပါ)။

အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါတော့ မဆက်ပါဘူး။ ပရမတ်

အကြောင်းအကျိုး ဆက်တယ်လို့ မှတ်ရမယ်. . . (မှန်ပါ)။

ဒါဖြင့် ဒကာကြွယ်တို့ ပဋိစ္စသမုပ္ပါဒ်ကြီး မြင်ရတော့မှ ပေါ့. . . အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်တယ် ဆိုတာသိနေပြီ. . . (မှန်ပါ)။

## အကြောင်းကြောင့်အကျိုးဖြစ်တယ်

အတိတ်အကြောင်းကြောင့်. . . (ပစ္စုပ္ပန်အကျိုးဆက်ပါ တယ်ဘုရား)။

အတိတ်ကပြုခဲ့တာတွေလည်း ခန္ဓာတွေပဲ. . . (မှန်ပါ)၊ အဝိဇ္ဇာသင်္ခါရဆိုတာ ခန္ဓာမဟုတ်လား. . . (မှန်ပါ)။ အဲဒီခန္ဓာ တွေကြောင့် ပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေ ဝိညာဏ်,နာမ်ရုပ်, မျက်စိ, နား,နှာခေါင်း,လျှာ,စိတ်ဆိုတဲ့ သဠာယတန ခြောက်ခုပေါ့ ဗျာ. . . (မှန်ပါ)၊ဖဿဝေဒနာဆိုတဲ့အကျိုးတရားတွေပေါ်မလာ ဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် သတ္တဝါသေလို့ ရှိရင်ဖြင့် သတ္တဝါမရှိကြောင်း ကို ခင်ဗျားတို့နဂိုကတည်းကအဝိဇ္ဇာသင်္ခါရပဲရှိတယ်. . . (မှန်ပါ)၊ အဝိဇ္ဇာသင်္ခါရပဲရှိတော့သူက အကြောင်းအကျိုးဆက်လိုက်တော့ ဝိညာဏ်,နာမ်ရုပ်စသည်မပေါ်လား. . . (ပေါ်လာပါတယ်ဘုရား)။

## ငါဘယ်လိုလူစားတုံး

ဝိညာဏ် နာမ်ရုပ်စသည်ပေါ်လာပြီး သကာလ လာတော့ ဩော်. . . ဒီဘဝမှာ ငါဘယ်လို လူစားတုံးလို့ တွေးဖို့လိုသေးသလား. . . (မလိုပါဘူး)၊ဘာတွေတုံး မေးရင်ဘယ့်နှယ် ဖြေကြပ့်မလဲ၊ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ. . . (မှန်ပါ)။

ဝိညာဏ်ဆိုတာ စိတ်ပေ့ါဗျာ. . . (မှန်ပါ)၊ နာမ်ရုပ်ဆိုတာ ဒကာ ဒကာမတို့ သွားတဲ့နေရာမှာ သွားချင်တာက နာမ်၊ သွားတာက ရုပ်. . . (မှန်ပါ)။

သဠာယတနဆိုတာမျက်စိကမြင်တဲ့ ရုပ်တွေ၊နားကကြားတဲ့ ရုပ်တွေ. . . (မှန်ပါ)၊ အဲဒါ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်-ဆိုတော့ ငါးခုမရဘူးလား. . . (ရပါတယ်)၊ စိတ်ဆိုတာနဲ့ ပေါင်းလိုက်တော့ ခြောက်ခုမရဘူးလား. . . (ရပါတယ်)။

အဲဒါ သဠာယတနဆိုတာ သဠာယတန ခြောက်ခုပါပဲ. . . (မှန်ပါဘုရား)၊ဩော်. . . အကြောင်းနှစ်ခု ကြောင့်အကျိုးငါးခုပေါ်လာကြတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်လာပါပြီ)။

အကျိုးငါးခုဆိုတာက ဒကာဒကာမတွေ သိတဲ့အတိုင်းပဲ။ ဝိညာဏ်, နာမ်ရုပ်၊ သဠာယတန, ဖဿ, ဝေဒနာဆိုတာ ဒါအကျိုးငါးခု. . . (မှန်ပါ)။

ဘာဖြစ်လို့တုံး မေးတဲ့အခါ ဒီအတိတ်အကြောင်း အဝိဇ္ဇာ သင်္ခါရတွေကို ဒကာဒကာမတွေက နောက်ဘဝကပြုလုပ်ခဲ့ကြတယ်. . . (မှန်ပါ)။

## ဘာတွေများရနေသတုံး

နောက်က ဒကာဒကာမတွေက ဘာပြုလုပ်ခဲ့ကြပါလိမ့်. . . (အဝိဇ္ဇာသင်္ခါရ ပြုလုပ်ခဲ့ပါတယ်ဘုရား)၊ အဝိဇ္ဇာသင်္ခါရတွေ ပြုလုပ်ခဲ့တဲ့အတွက် ယခုဘဝ ဒကာဒကာမတွေ ဘာတွေများရနေသတုံးဆိုတာ ယောက်ျားဖြစ်သလား မိန်းမဖြစ်သလားဆိုတာ သူများပြောသံကြားသာမှတ်ပါ. . . (မှန်ပါ)၊ စင်စစ်တော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေ ပေါ်လာတာပဲဆိုတာမှတ်ပါ. . . (မှန်ပါ)။

ဒီလိုသိလိုက်ရတော့ ဩော် . . . အကြောင်းက နှစ်ပါး. . . (မှန်ပါ)၊ ဒီတော့ ဒါဟောရမယ်နော် . . . (မှန်ပါ)၊ အကြောင်းက အဝိဇ္ဇာသင်္ခါရ၊ အကျိုးက ဝိညာဏ်. . . (ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာပါ)၊ ခန္ဓာနဲ့ သွားလိုက်တော့ ခန္ဓာငါးပါးပေါ့ဗျာ. . . (မှန်ပါ)။

## အကြောင်းနှစ်ပါးကြောင့်အကျိုးငါးပါး

အကြောင်း နှစ်ပါးကြောင့် အကျိုးငါးပါး ဖြစ်တယ်ဆို တာ ကိုယ့်စာရွက် ကိုယ်ကြည့်လည်းသိပါပြီ. . . (မှန်ပါ)။

အဲ့ဒီတော့ အားလုံး ဒကာ ဒကာမတွေ ဩော် . . . ဟိုဘဝက ဒီဘဝကူးလာတာလား။ အကြောင်းအကျိုးက အဝိဇ္ဇာသင်္ခါရကဒီဘက်ကိုလိုက်မှလိုက်ရဲ့လား. . . (လိုက်ပါတယ်ဘုရား)၊ ဒီအကြောင်း နှစ်ခုကြောင့် ဒီအကျိုးငါးခု ပေါ်လာ

တယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အကြောင်းနှစ်ခုကြောင့်. . . (အကျိုးငါးခုပေါ်လာပါတယ်ဘုရား)၊ အကျိုးငါးခုဖြစ်တယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊

ဒါဖြင့် ပဲိုက အကြောင်းနှစ်ခုက ကျေးဇူးပြုလိုက်တော့ ဒီဘဝမှာ အကျိုးငါးခုဆိုတာကြီး ပေါ်ပြီးသကာလ ဒီအကျိုးငါးခုကို ဒကာ ဒကာမတွေက ယောကျ်ားပဲ၊ မိန်းမပဲလို့ ထင်တာပါ. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

ဒါဖြင့် နောက်ဘဝက ဘာတွေများ ပါလာသတုံးလို့ မေးလို့ရှိရင် ဘာမှမပါလာဘူး . . . (မှန်ပါ)၊ အဝိဇ္ဇာသင်္ခါရက ကျေးဇူးပြုလိုက်တာနဲ့ ဒီဘဝမှာ ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာဆိုတဲ့ခန္ဓာငါးပါး ပေါ်လာတာပဲလို့မှတ်ပါ. . . (မှန်ပါ)။

## အကြောင်းကအဝိဇ္ဇာသင်္ခါရ

နောက်ဘဝအကြောင်းက ဘယ်နှစ်ခုပါလိမ့်. . . (နှစ်ခုပါဘုရား)၊မသိတဲ့အဝိဇ္ဇာ၊ ပြုလုပ်တဲ့စေတနာသင်္ခါရ. . . (မှန်ပါ)၊ အဲဒါတွေကြောင့် ဒီမှာဆက်စပ်ပြီး သကာလ ယခုဘဝမှာ ပဋိသန္ဓေပေါ့ဗျာ. . . (မှန်ပါ)၊ခန္ဓာငါးပါးကြီး ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ဩော်. . . ဒီခန္ဓာငါးပါးဟာ အလိုလိုပေါ်တာလား. . .

အကြောင်းကြောင့်ပေါ်တာလား. . . (အကြောင်းကြောင့်ပေါ်တာပါ)။

အကြောင်းကြောင့် ပေါ်တာသိလိုက်တော့ ဒကာ ဒကာမတွေမှာ နောက်ဘဝကဘာများ လိုက်လာသေးသတုံး မေးတော့ ဘယ့်နှယ်ဖြေကြမလဲ. . . (အဝိဇ္ဇာသင်္ခါရပါဘုရား)၊ နောက်ဘဝကအကြောင်းနဲ့ယခုဘဝအကျိုးဆက်တာပဲရှိတယ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ပုဂ္ဂိုလ်သတ္တဝါမပါဘူး

နောက်ဘဝအကြောင်းနဲ့. . . (ယခုဘဝ အကျိုးဆက်တာပဲရှိပါတယ်)၊ အကြောင်းပြုလုပ်လို့ အကျိုးပေါ်လာတာပေါ့ဗျာ. . . (မှန်ပါ)၊ အကြောင်းပြုလုပ်လို့ အကျိုးပေါ်လာတာ သိတော့မှ ပုဂ္ဂိုလ်သတ္တဝါဆိုတာက ဒီအထဲ ပါကိုမပါဘူး. . . (မပါပါဘူးဘုရား)။

ပြုလုပ်တဲ့ အကြောင်းထဲလည်း ပုဂ္ဂိုလ်သတ္တဝါ ပါရဲ့လား. . . (မပါပါဘူး)၊ ပြုလုပ်လို့ပေါ်လာတဲ့ ယခုဘဝ အကျိုးထဲမှာကောပုဂ္ဂိုလ်သတ္တဝါပါရဲ့လား. . . (မပါပါဘူး)၊ဘာတွေသာရှိနေသတုံးဆိုတော့ အကြောင်းနှစ်ခုက အတိတ်က. . . (မှန်ပါ)။

အကျိုးငါးခုက . . . (ပစ္စုပ္ပန်ပါဘုရား)၊ ပစ္စုပ္ပန်ဘဝ၊ ဒါသေသေချာချာ မှတ်ပါ ဒကာ ဒကာမတို့၊ ဒီဥစ္စာအရေးကြီးပါတယ်. . . (မှန်ပါ)။

## ငါဘယ်ကလာပါလိမ့်မလဲ

အဲဒီတော့ ဒါတွေ သိထားတော့ကို ငါဘယ်က လာပါလိမ့်မလဲဆိုတဲ့ သံသယရှိကြသေးရဲ့လား. . . (မရှိပါဘူး)၊ ဒါဖြင့် ဘယ့်နှယ် ဖြစ်လာတာပါလိမ့်. . . (အကြောင်းနှစ်ခုကြောင့် အကျိုးငါးခု ဖြစ်လာတာပါ)။

နောက်ဘဝက အကြောင်းနှစ်ခုကြောင့် ယခုဘဝ အကျိုးငါးခုဖြစ်တယ် ဆိုတော့ ငါဘယ်ကလာသလဲ ဆိုတဲ့ ဥစ္စာ သံသယ သေမသွားဘူးလား. . . (သေသွားပါတယ်ဘုရား)။

သံသယဆိုတာ စာလိုသုံးတော့ ဝိစိကိစ္ဆာလို့ ခေါ်ပါတယ်. . . (မှန်ပါ့ဘုရား)၊ အဲဒီ ဝိစိကိစ္ဆာ သေသွားတယ်လို့မှတ်ပါ. . . (မှန်ပါဘုရား)။

## သက္ကာယဒိဋ္ဌိပြုတ်တယ်

အကြောင်း နှစ်ခုထဲမှာလည်း ယောကျ်ား မိန်းမပါသေးရဲ့လား. . . (မပါပါဘုရား)၊အကျိုးငါးခုထဲမှာကော. . . (မပါ့ပါဘူးဘုရား)၊ဒီလိုသိပြန်တော့လည်းတဲ့. . . ဘုန်းကြီးတို့ဒကာဒကာမတွေမှာ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတော့ သက္ကာယဒိဋ္ဌိပြုတ်တယ်. . . (မှန်ပါ)။

ဒါ့ကြောင့် ဒီပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီးကို ဒကာ ဒကာမတွေ အင်မတန်နာစေချင်တယ်. . . (မှန်ပါ)၊ဪ. . . အကြောင်းကြောင့် အကျိုးဖြစ်နေတာသိတော့ ဝိစိကိစ္ဆာ သေတယ်. . . (မှန်ပါ)။

အကြောင်းထဲမှာလည်း ပုဂ္ဂိုလ်မပါဘူး. . . (မပါပါဘူး)၊ အကျိုးငါးပါးထဲမှာကော. . . (မပါပါဘူး)၊ မပါဘူးတဲ့၊ ခုနက ပြောခဲ့တဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ သာ ပါတော့တယ်နော်. . . (မှန်ပါ)။

## ဒိဋ္ဌိဝိစိကိစ္ဆာဖြုတ်နည်း

အဲဒါတွေ သေသေချာချာ သိသွားတော့ ပုဂ္ဂိုလ်သတ္တဝါ အကြောင်းထဲမှာလည်း မပါ။ အကျိုးထဲမှာလဲ. . . (မပါပါဘူး)၊ ဒါက ဒိဋ္ဌိဖြုတ်လိုက်တာ. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

ဒါဖြင့် အကြောင်းနဲ့ အကျိုးဆက်တာ သိတော့ ဒကာ ဒကာမတို့ ဘာသေသတုံး. . . (ဝိစိကိစ္ဆာသေပါတယ်ဘုရား)။

အကြောင်းထဲမှာလည်း ယောကျ်ား-မိန်းမ မပါ၊ အကျိုးထဲ မှာလည်းယောကျ်ား, မိန်းမ မပါလို့သိသဖြင့် ဘာစင်သွား သတုံး. . . (ဒိဋ္ဌိစင်သွားပါတယ်ဘုရား)။

ဒါကလေးဖြင့် ဒီနေ့ ဒကာကြွယ် ဒိဋ္ဌိ ဝိစိကိစ္ဆာ ဖြုတ်နည်း နိဿရည်းမှာဖြင့် အလွန်ပဲ ကျုပ်တို့မှာ ရှင်းနေအောင်ဖြင့် ဒကာ ကြွယ် ကြိုးစားပါ. . . (မှန်ပါ)။

နောက်က ဒကာ ဒကာမတွေ ထပ်ပြောပါဦးမယ်နော်၊ နောက်ဘဝက အကြောင်းနှစ်ခုပြုလုပ်ခဲ့တဲ့အတွက် ဒီဘဝမှာ ဒကာမတို့သန္တာန်မှာဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ တွေပေါ်လာတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီ)။

ငါဘယ်က လာပါလိမ့်မလဲဆိုတဲ့ သံသယရှိသေးရဲ့လား. . . (မရှိပါဘူး)၊ဘယ်လိုဖြေရှင်းကြမယ်. . . (ဝိစိကိစ္ဆာ သေသွားပါတယ်)။

အကြောင်းနှစ်ခုကြောင့်. . . (အကျိုးငါးခု ပေါ်ပါတယ်ဘုရား)၊ အကြောင်းနှစ်ခုကြောင့် အကျိုးငါးခုရတယ်. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

အကြောင်းနှစ်ခုကြောင့်. . . (အကျိုးငါးခု ရပါတယ်ဘုရား)၊ ငါဘယ်တော့မှ မလာဘူး၊ဒကာဒကာမတွေ အခုအကျိုးငါးခုနဲ့နေတာပဲ. . . (မှန်ပါ)၊ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ အကျိုးငါးခုနဲ့ နေတာ သိတော့ ငါဘယ်က လာပါလိမ့်မလဲ ဆိုတဲ့ သံသယလုံးကလေး မောင်ဘသော်တို့ ရှိသေးသလား. . . (မရှိပါဘူးဘုရား)၊ ဘာသေသွားသတုံး. . . (ဝိစိကိစ္ဆာ သေသွားပါတယ်ဘုရား)၊ ဝိစိကိစ္ဆာ သေရင်လည်း အပါယ်မကျဘူး. . . (မှန်ပါ)။

ဒကာ ဒကာမတို့၊ ဝိစိကိစ္ဆာသေရင်. . . (အပါယ်မကျပါဘူး)။

## ဒိဋ္ဌိသတ်ပါဦးမယ်

ကဲ. . . ဒါက ဝိစိကိစ္ဆာသတ်နည်းတော့ဖြင့် ရှင်းသွားပြီ။ ဒိဋ္ဌိကလေး သတ်ပါဦးမယ်. . . (မှန်ပါ)၊ ဒိဋ္ဌိ သတ်တဲ့အခါကျတော့ နောက်ဘဝ အကြောင်းနှစ်ခုထဲမှာလည်း ယောကျ်ား. . .

မိန်းမပါရဲ့လား. . . (မပါပါဘူး)၊ အဝိဇ္ဇာသင်္ခါရပဲ. . . (မှန်ပါ)။

ဒီဘဝ စုတေမနေ သေလွန်လို့ ရတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာထဲမှာကော ဒကာ ဒကာမတို့ ယောကျ်ား-မိန်းမပါရဲ့လား. . . (မပါပါဘူးဘုရား)၊အကျိုးထဲလည်းမပါဘူး၊ အကြောင်းထဲလည်း. . . (မပါပါဘူး)။

ဒီလိုသိလိုက်တော့ ငါ-သူ ယောကျ်ား-မိန်းမ စင်သွားတယ်. . . (မှန်ပါဘုရား)၊ ဒါက ဘာဖြုတ်လိုက်တာပါလိမ့်. . . (သက္ကာယ ဖြုတ်လိုက်တာပါ)၊ အေး သက္ကာယဒိဋ္ဌိ ဖြုတ်လိုက်ပါပြီနော်. . . (မှန်ပါ)။

## အပါယ်သွားတတ်တဲ့တရားပြုတ်ပြီး

ဒါဖြင့် ဒီနေ့တရားနာတာသည် ဒကာ ဒကာမတို့ ၁၅မိနစ်စေ့သွားတော့ အပါယ်သွားစေတတ်တဲ့ တရားနှစ်ခုပြုတ်သွားပြီ. . . (မှန်ပါ)။

အပါယ် သွားစေတတ်တဲ့ တရားနှစ်ခု (ပြုတ်သွားပါပြီဘုရား)၊ဘာတွေပါလိမ့်. . . (ဝိစိကိစ္ဆာနဲ့ သက္ကာယဒိဋ္ဌိပါဘုရား)။

ဒိဋ္ဌိဆိုတဲ့ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတဲ့ သံသယပြုတ်သွားပြီ၊ အဲဒါ အကုသိုလ်တွေပဲ. . . (မှန်ပါ)၊ဒကာကြွယ် ဒီနှစ်ခုပြုတ်သွားပြီ. . . (ပြုတ်သွားပါပြီ)၊ သောတာပန် အစစ်မှာလည်း ဒါပြုတ်တာပဲ. . . (မှန်ပါ)၊ ခင်ဗျားတို့ အခုအသိနဲ့ ပြုတ်နေတာလည်း ဒါ ပြုတ်တာပဲ . . . (မှန်ပါ)။

## အလုပ်နဲ့ဖြုတ်ပါဦး

သောတာပန်ကတော့ဖြင့် အမြင်နဲ့တကွ ဝမ်းထဲမှာ ရှိတဲ့ အနုသယပါ ပြုတ်တယ်. . . (မှန်ပါ)၊ ကျုပ်တို့ကတော့ အသိနဲ့ ပြုတ်နေသေးသောကြောင့် ဝိပဿနာလုပ်ပြီး အလုပ်နဲ့ ဖြုတ်ပါဦးဆိုတာ တိုက်တွန်းတယ်. . . (မှန်လှပါဘုရား)။

အသိနဲ့ကဖြင့် ဒကာ ဒကာမတွေ ယခုပြလာတဲ့ ရက်လည်းတော်တော်ကလေး ကြာလာတော့ ဒကာကြွယ် ရှင်းပြီ. . . (ရှင်းပါပြီ)၊ အကြောင်းအကျိုးသာ စပ်တယ်ဆိုတာ မသိရဘူးလား. . . (သိရပါတယ်)။

ငါဘယ်ကလာတာတုံးဆိုတာ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ ဘာပြုတ်သွားသတုံး. . . (ဝိစိကိစ္ဆာ ပြုတ်သွားပါတယ်)၊ အကြောင်းထဲမှာလည်း ယောကျ်ား-မိန်းမ ပါ မပါ. . . (မပါပါဘူး)။

အကျိုးထဲမှာလည်း ယောကျ်ား-မိန်းမ ပါ-မပါ. . . (မပါပါဘူး)ငါ. . . သူတစ်ပါးတွေကော. . . (မပါပါဘူး)ဒီလိုသိလိုက်ပြန်တော့ ဘာတွေပြုတ်သလဲ. . . (သက္ကာယဒိဋ္ဌိပြုတ်ပါတယ်)။

## အသိနဲ့ ဒိဋ္ဌိပြုတ်ရင်

ဒါဖြင့် ဒကာသစ်ရေ. . . ဒါသည် အားမထုတ်ဘဲနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကံမကောင်း အကြောင်းမသင့်လို့ ဆိုပါတော့၊ဖျတ်ခနဲ စေဒနာရပြီး တရားလည်း မနာနိုင်တော့ဘူး

သေသွားပြီ၊ ဒါနှစ်ခုတော့ သိသွားရှာတယ်၊ မကြောက်နဲ့တဲ့၊ အပါယ်တော့မကျဘူး. . . (မှန်ပါ)၊ အပါယ်လေးပါးတော့ လုံးဝ မကျဘူးလို့ မှတ်လိုက်ပါ. . . (မှန်ပါ)။

ဘာဖြစ်လို့ မကျသတုံး ဆိုတော့ သောတာပန်လည်း ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်လို့မောင်ဘသော် အပါယ်မကျတာ. . . (မှန်ပါ)၊ အခု ဒကာ ဒကာမတွေ အပါယ်မကျတာလည်း ဘာပြုတ်လို့ တုံး. . . (ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်လို့ပါဘုရား)။

အေး. . . သူတို့ကတော့ အကျင့်နဲ့ပြုတ်တာ. . . (မှန်လှပါ)၊ အခုသေသွားတဲ့ ဒကာ ဒကာမတွေက အသေစော တာနဲ့ အသိနဲ့ ပြုတ်တာ. . . (မှန်ပါ)။

## တစ်ဘဝ၊နှစ်ဘဝ အပါယ်မကျဘူး

အသိနဲ့ပြုတ်တာတောင် တစ်ဘဝ နှစ်ဘဝ အပါယ်မကျ ဘူး. . . (မှန်ပါ)၊ အင်မတန် အားရှိစရာ ကောင်းပါတယ်. . . (ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးကအသိနဲ့ပြုတ်အောင်ပြောတော့ ဒကာ ဒကာမတွေက အကျင့်နဲ့ပြုတ်အောင် တစ်ဆင့်ကြိုးစား ကြဦး. . . (မှန်ပါ)။

## အကျင့်နဲ့ ပြုတ်အောင် ကြိုးစား

အကျင့်နဲ့ ပြုတ်အောင်. . . (ကြိုးစားရဦးမှာပါဘုရား)၊ တစ်ဆင့်တက်ပြီး အားလုံးဒကာ ဒကာမတွေ ကြိုးစားကြပါဦး ဆိုတဲ့ဥစ္စာ ပြောလိုက်တယ်နော်. . . (မှန်ပါ)။

အသိနဲ့ ပြုတ်ပြီးသကာလ သွားတော့ တစ်ဘဝနှစ်ဘဝပဲ အပါယ်လေးပါးကို မကျမယ်. . . (မှန်ပါ)၊ နောင်ကျတော့ အမေ များ အဖေများနဲ့တွေ့တော့ ဒိဋ္ဌိဝိစိကိစ္ဆာ ပြန်လာတယ်. . . (မှန်ပါဘုရား)၊ဆရာများတွေနဲ့ တွေ့လည်းပြန်လာတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

အဲဒီတော့ ဝမ်းထဲမှာလုံးလုံးမရှိရင် သာကောင်းတယ်. . . (မှန်ပါ)၊လုံးလုံးမရှိအောင်ကျတော့ ဒကာသစ် ဘာနဲ့ပြုတ်ရ မလဲ. . . (အကျင့်နဲ့ပြုတ်ရပါမယ်)။

## ဘယ်လိုကျင့်ရမှာတုံး

အကျင့်နဲ့ပြုတ်ရမယ်ဆိုတော့ ဘုန်းကြီးတို့ဒကာ ဒကာမ တွေက ဩော် . . . ဘယ်လိုများ ကျင့်ရမှာပါလိမ့်မလဲ ဆိုတဲ့ အမေးပုစ္ဆာ ထွက်လာတယ်နော်. . . (မှန်လှပါ)။

ခင်ဗျားတို့ ဒီငါးပါးထဲက ဖဿကလေးဖြစ်ပျက် မြင်မြင် ဝေဒနာကလေး ဖြစ်ပျက်မြင်မြင် သင်္ခါရတနထဲက စိတ်ဆိုတာ ပါပါတယ်နော်. . . (မှန်ပါ)၊အဲ. . . ကိုယ့်စိတ်ကိုဖြစ်ပျက်ကြည့်လို့ မြင်လို့ရှိရင်လည်းအကျင့်နဲ့ပြုတ်ပါလိမ့်မယ်. . . (မှန်ပါဘုရား)။

ဝေဒနာ ရှုလို့ ဖြစ်ပျက်မြင်ရင်လဲ . . . (အကျင့်နဲ့ပြုတ်ပါတယ်)၊ အကျင့်နဲ့ ပြုတ်လိမ့်ဦးမယ်နော်. . . (မှန်ပါ)၊ အဲဒီဖြစ်ပျက်သာ ဆုံးရင်ဖြင့် ဒကာသစ်တို့၊ မောင်ဘသော်တို့ ပြုတ်ပြီလို့ အောက်မေ့. . . (မှန်ပါဘုရား)။

## အကျင့်နဲ့ပြုတ်ရင်သောတာပန်အစစ်

အစစ်ဖြစ်ပြီး ဘယ်အခါကာလမှ အပါယ်လေးပါးဆိုတာ စိတ်ကူးကို မထည့်နဲ့။ မရောက်ဘူးဆိုတာ ကိုယ်တိုင် ဆုံးဖြတ်ချက်ချ. . . (မှန်ပါ)။

နို့. . . အပါယ်လေးပါး မရောက်တော့ ဘယ်မှာနေရမှာတုံး ဆိုတော့ လူ့ပြည်က နေပြီးသကာလ သောတာပန် တည်၊ ထပ်ကျင့် ဖြစ်ပျက်တွေကို၊ လေးခါလောက် ဖြစ်ပျက်တွေ ထပ်ကျင့်လို့ ဒုက္ခဖြစ်ပျက်တွေဆုံးရင် ရဟန္တာဖြစ်တာပဲ. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါတွေ ဒကာ ဒကာမတွေကို ဘုန်းကြီးများက ကျေးဇူးပြုရတဲ့အတွက် ဒကာကြွယ် သိပ်ဝမ်းမြောက်တယ်. . . (မှန်လှပါ)။

## အသိနဲ့ ပြုတ်ရင်စူဠသောတာပန်

အသိနဲ့ ပြုတ်ရင် စူဠသောတာပန်. . . (မှန်ပါ)၊ အကျင့်နဲ့ ပြုတ်ရင်. . . (မဟာသောတာပန်ပါ)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့၊ ကုန်သွားဝယ်တဲ့အခါ

ကျတော့ အကောင်းရွေးကြတယ်. . . (မှန်ပါ)၊ ဒီ ထက်ကောင်း မရှိဘူးလားတောင် မေးကြတယ်. . . (မေးကြပါတယ်)၊ မမေးကြ ဘူးလား. . . (မေးကြပါတယ်ဘုရား)။

ဒီမှာလည်း သောတာပန် အငယ်ကလေးလောက်နဲ့ တင်းတိမ်ကြမလားတဲ့၊ အကောင်းစားဖြစ်တဲ့ သောတာပန်အကြီး ကျအောင်ကြိုးစားကြမလား. . . (အကောင်းစားဖြစ်တဲ့သောတာပန် အကြီးကျအောင် ကြိုးစားကြပါမယ်)။

ကြိုးစားရမယ်နော်။ အဲဒီတော့ ဒကာ ဒကာမတို့ အကြီး ဖြစ်အောင် ကြိုးစားတော့မယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမ တွေမှာ နဂိုက ဘုန်းကြီးဟောပြီးသား ဖြစ်တဲ့ခန္ဓာကိုယ်ထဲ ရုပ် ကြိုက်ရင် ရုပ်ဖြစ်ပျက်ရှုပါ. . . (မှန်ပါ)။

## ဖြစ်ပျက်မြင်အောင်ရှု

ဝေဒနာကြိုက်ရင်. . . (ဝေဒနာ ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ စိတ်ကြိုက်ရင်. . . (စိတ်ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ဓမ္မာနုပဿနာ ဆိုတဲ့ ဖြစ်ပျက်ဒုက္ခသစ္စာတွေချည်း လျှောက်ရှုနေရင်. . . (ဓမ္မာ နုပဿနာ ဖြစ်ပါတယ်ဘုရား)၊ ဓမ္မာနုပဿနာဖြစ်တော့ ဒကာကြွယ် သတိပဋ္ဌာန်လေးပါးတစ်ပါးပါး ကြိုးစားလိုက်. . . (မှန်ပါ)။

တစ်ပါးပါး ကြိုးစားလိုက်ပြီ ဆိုမှဖြင့် ဖြစ်ပျက်ဟာ မြင်လာ လိမ့်မယ် ကိုယ့်ဉာဏ်ထဲပေါ့ဗျာ. . . (မှန်ပါ)၊ နောင်ကျလာတော့

ဒီဖြစ်ပျက် မှန်းတဲ့ဉာဏ် တက်မလာပေဘူးလား. . . (တက်လာပါတယ်)။

## ဖြစ်ပျက်ဒုက္ခသစ္စာ

နောင်ကျလာတော့ ဒီဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာမှန်းသိမလာပေဘူးလား. . . (သိလာပါတယ်)၊ သိလာလို့ရှိရင် ဒီဖြစ်ပျက်ဒုက္ခသစ္စာ ချုပ်လိမ့်မယ်. . . (မှန်ပါ)၊ ချုပ်သွားတဲ့အခါကျတော့ ဒကာကြွယ်က မှတ်လိုက်တာပေါ့၊ ငါသောတာပန်တည်ပြီလို့. . . (မှန်ပါ)၊ မဟာသောတာပန် ဖြစ်ပြီ. . . (မှန်ပါ)။

ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ မဟာသောတာပန် ဖြစ်ပြီးတဲ့ အခြားမဲ့၌ ဘုန်းကြီးဘာမှ ကူဖို့ မလိုတော့ဘူး. . . (မှန်ပါ)။

ဘုန်းကြီးဘာမှ ကူဖို့မလိုဘူး၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ကိုပဲ သောတာပန်အဖြစ်နဲ့ ပျော်ပြီးသကာလ ငါ အပါယ်မကျလို့ သား၊ လင်၊ ခင်ပွန်းတွေနဲ့ နေစေကာမူလည်း တော်တော်ကလေးကြာတော့ လုပ်ဦးမှပါပဲဆိုတာ ဘယ်သူမှ မတိုက်တွန်းဘဲနဲ့ အထက်မဂ်တွေ ကိုယ့်ဟာကိုယ် လုပ်ယူတာပဲ. . . (မှန်ပါဘုရား)၊ အဲဒီကျတော့လည်း ဘုန်းကြီးတာဝန် ကုန်သွားပြီ. . . (မှန်ပါ)။

## ဒုက္ခသစ္စာ ဆုံးတဲ့နိဗ္ဗာန်

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပထမ သောတာပန် တည်မှုမှာဖြင့် ဖြစ်ပျက်ဖြင့်ဝေဒနာရှုတဲ့ပုဂ္ဂိုလ်လည်း ဝေဒနာ၏ ဖြစ်ပျက်ကိုမြင်။ ဒုတိယ ဖြစ်ပျက်ကိုမုန်း။ နောက် ဖြစ်ပျက်ဒုက္ခသစ္စာလို့ သိပြီ။ ဖြစ်ပျက်ရှုလို့ မမြင်တော့ဘူး ဆိုလို့ရှိရင်ဖြင့် ဪ. . . ဒုက္ခဆုံးတဲ့ နိဗ္ဗာန်ဆိုတာ ကိုယ်တိုင် ရောက်ပြီဆို ပြီး သောတာပန် တည်လိုက်တာပဲ. . . (မှန်ပါ)။

အဲဒါကိုဖြင့် ဆရာသမားကလည်း လမ်းပြကောင်း၊ ဒကာ ဒကာမတွေကလည်း ကိုယ့်ကိုယ်ကို အပါယ်လေးပါး သွားမှာ အင်မတန်ကြောက်ကြတယ်. . . (မှန်ပါ)၊ ဒါဖြင့် ဒီအလုပ်ကိုဖြင့် ဖြစ်ပျက်ဆုံးတဲ့အလုပ်ကိုဖြင့် ငါတို့သည်ကားလို့ဆိုရင် ထမင်း စားတာမှ ဟိုကရှာရ ဒီကရှာရ ထမင်းဖြစ်အောင်ရှုတ်ကြက်သွန် အစရှိသည် ဟိုရှာ ဒီရှာနဲ့ အမျိုးမျိုး ရှာပြီး ရှုရတာမှ ပင်ပန်း ပါသေးတယ်၊ အခုဟာက ခန္ဓာရှုလိုက်တာနဲ့ ပြီးသွားတယ်. . . (မှန်ပါ)။

## နည်းကောင်းပေးပြီးပြီ ဖြစ်ပျက်မြင်အောင်လုပ်

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နည်းကောင်း လည်း ပေးပြီးပါပြီတဲ့။ လေးလေး စားစားကလေး ကိုယ့်ကိုယ်ကို သနားပြီးသကာလဖြစ်ပျက်မြင်အောင်လုပ်ပါ. . . (မှန်ပါဘုရား)။

ဖြစ်ပျက် မြင်အောင်လုပ်လို့ ရှိရင် ဒီဘဝတွင်ပဲ တပည့်

တော် သောတာပန်အစစ်ကြီး ဖြစ်ချင်ပါတယ်ဘုရား။ အပါယ်လေးပါး လုံးဝ မသွားချင်ပါဘူး။ နှစ်ဘဝ သုံးဘဝတောင်မှ ကြာပါသေးတယ်။ လုံးဝမသွားရအောင်ဆိုရင်ဖြင့် ဖြစ်ပျက်မုန်းအောင် လုပ်ပါ. . . (မှန်ပါ)။

## ဖြစ်ပျက် ဒုက္ခသစ္စာလို့ဆင်ခြင်

နောင်ကျတော့ ဖြစ်ပျက် ဒုက္ခသစ္စာလို့ ဆင်ခြင်ပြီး ဆုံးအောင် လုပ်လိုက်လို့ရှိရင်ဖြင့် ဒါ အပါယ်လေးပါးဟာဖြင့် စိတ်ချရပြီ. . . (မှန်ပါ)၊ ရပ်ပြစ်ရှစ်ပါးလည်း မဖြစ်တော့ဘူး. . . (မှန်ပါ)။

အပါယ်လေးပါးလဲ. . . (စိတ်ချရပါပြီဘုရား)၊ အပါယ်လေးပါးလည်းမရောက်၊ ရပ်ပြစ်ရှစ်ပါးလည်း မဖြစ်တော့ အဲဒီကျမှပဲ စိတ်ချလက်ချ နေကြပါဆိုတာ တိုက်တွန်းပါတယ်. . . (မှန်လှပါဘုရား)။

ယခုအချိန်တော့ဖြင့် အထိမခံ ရွှေပန်းကန်ဆိုတဲ့ ရှေးလူတွေပြောတဲ့ ပုံစံအတိုင်းပဲ တစ်ချက်တိမ်းရင် အပါယ်က ဝုန်းခနဲ ကျကျသွားမယ်. . . (မှန်ပါ)။

## မြဲတဲ့မဂ်ကိုရအောင်လုပ်ပါ

ဒါ့ကြောင့် ဒီဟာကလေးကိုဖြင့် အထိမခံ ရွှေပန်းကန်ဇာတ်ကို သိမ်းပြီး သကာလ ခိုင်မြဲတဲ့ သမ္မတ္တနိယတာမမှာ- မဖောက်မပြန်ဘဲနဲ့ မြဲတဲ့မဂ်ကိုဖြင့် မရ-ရအောင် လုပ်ပါဆိုတာ တိုက်တွန်း

ပါတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီနေ့ တရားနှစ်ခုပဲ ဟောသေးတယ်နော်. . . (မှန်ပါ)၊ အကြောင်းနဲ့ အကျိုးဆက်တာသိရင် ဘာသေသတဲ့. . . (ဝိစိကိစ္ဆာ သေပါတယ်)၊ အကြောင်းထဲမှာလည်း ယောကျ်ား-မိန်းမ မပါအကျိုးပေးတဲ့အခါမှာလည်း ယောကျ်ား-မိန်းမ မပါဘူးလို့ သိပြန်တော့ ဘာသေသတဲ့. . . (သက္ကာယဒိဋ္ဌိသေပါတယ်)။

## ဖြစ်ပျက်မြင်မှနေရာကျမယ်

ဒါဖြင့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဖြင့် ဒကာသစ်၊ ဒကာကြွယ်၊ ဦးလှဖူးတို့ သေပါပြီ. . . (သေပါပြီဘုရား)၊ ဒါက အသိနဲ့သေတာနော်. . . (မှန်ပါ)၊ အကျင့်နဲ့သေတာတော့ ဘုန်းကြီးခုနက ပြောခဲ့ပြီ၊ ဖြစ်ပျက်မြင်မှပဲ နေရာကျမယ်. . . (မှန်ပါ)။

အဲဒါကြောင့် အသက်တမ်းကလေးကလည်း တိုတိုမှာ ခပ်ခိုခိုလုပ်မနေပါနဲ့ ဆိုတာကိုတိုက်တွန်းတယ်. . . (မှန်ပါဘုရား)။

အသက်တမ်းက ဘာတုံး. . . (တိုပါတယ်ဘုရား)၊ တိုတဲ့အထဲမှာ ခပ်ခိုခို လုပ်နေမယ်ဆိုလို့ရှိရင် အသေစောသွားရင် ကိုယ်ကျိုးနည်းပြီ. . . (မှန်လှပါဘုရား)၊ ကိုယ်ကျိုးနည်းမှာ စိုးရိမ်တဲ့အတွက် ခင်ဗျားတို့ သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စ၊ တိုက်တာကိစ္စ၊ မင်းစိုးကိစ္စတွေဟာ အင်မတန်မှလည်း များပါတယ်. . . (မှန်ပါ)။

## ဒုက္ခထဲမှာမပျော်ကြပါနဲ့တော့

အဲဒီဒုက္ခတွေ မရှိတဲ့ဥစ္စာကို ပို့နေတော့ ဒုက္ခထဲလည်း မပျော်ကြပါနဲ့တော့ . . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒကာကြွယ် ဒီတန်ဆောင်မုန်းလအတွင်း ဟိုကဒီကဖိတ်နဲ့၊ ဟိုဝယ်ခြမ်းပြီး သွားလိုက်ရ ဒီဝယ်ခြမ်းပြီး သွားလိုက်ရ ဟိုမျက်နှာ ပြလိုက်ရ၊ ဒီမျက်နှာ ပြလိုက်ရနဲ့ မိတ်ဆွေသင်္ဂဟ အဆက်တွေနဲ့ ဟိုကနေလာအလှူခံ ဒီကနေလာအလှူခံလို့ မကောင်းတရားတွေနဲ့ သဒ္ဓါပါတာလည်း ရှိတယ်။ သဒ္ဓါမပါတာလဲ ရှိတယ်. . . (ရှိပါတယ်ဘုရား)၊ ရှုပ်လိုက်တဲ့ ကိစ္စတွေနော်. . . (မှန်ပါ)။

## ကိစ္စဆိုတာ မဂ်ဖိုလ်တားတယ်

အဲဒီကိစ္စတွေကို အလှူအတန်းကိစ္စလို့ ဆိုငြားသော်လည်း ကိစ္စဆိုတဲ့ ဥစ္စာသည် မဂ်ဖိုလ်တားတာပဲ. . . (မှန်ပါ)၊ ဖြစ်ပျက်မလုပ်ဖြစ်တော့ဘူး. . . (မှန်ပါဘုရား)၊ ဖြစ်ပျက် မလုပ်ဖြစ်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်ပါ့မလား. . . (မရနိုင်ပါဘူး)။

အဲဒါတွေ ကိစ္စတွေဟာလည်း ဒုက္ခတွေပဲ ဆိုတာ မှတ်ပြီး သကာလ ကဲ. . . ဒီကိစ္စတွေ တန်ဆောင်မုန်း ကိစ္စဖြင့် ပြီးပြီလို့ ဆိုပြီး တော်တော်ကြာကျတော့ အိမ်ရေးကိစ္စ၊ မင်းရေးကိစ္စ၊ မြူနီစီပါယ်ခွန် ကိစ္စ၊ မီးခွန် ကိစ္စလာပြီး ရှုပ်နေတာပဲ. . . (မှန်ပါ)၊ အားများအားကြသေးရဲ့လား. . . (မအားပါဘူးဘုရား)၊ရအောင်

လည်းရှာ၊ ပေးလည်းပေး၊ ရအောင်လည်းရှာ၊ ပေးလည်းပေးနဲ့ ဒီလိုနဲ့ပဲ အချိန်ကုန်တယ်. . . (ကုန်သွားပါတယ်ဘုရား)။

အဲဒီကိစ္စပင်လယ်ထဲမှာ မမျောဘဲနဲ့ ကိစ္စတုံးတဲ့ဆီကိုတက် ဖြစ်အောင် တက်ပါ. . . (မှန်လှပါဘုရား)။

## ကိစ္စပင်လယ်ထဲမမျောပါနဲ့တော့

ကိစ္စပင်လယ်ထဲ မမျောဘဲနဲ့. . . (ကိစ္စတုံးတဲ့ဆီကို တက်ဖြစ်အောင် တက်ပါ)၊ ကိစ္စတုံးတဲ့ဆီကို လိုက်ဖြစ်အောင် လိုက်ပါဆိုတာ ဒကာကြွယ်တို့၊ မောင်ဘသော်တို့ တိုက်တွန်းရတယ်. . . (မှန်လှပါဘုရား)။

ကိစ္စထဲ ပျော်နေတဲ့ဥစ္စာက အမောပျော်တွေ. . . (မှန်ပါ)၊ တချို့ကလည်း မုန်းပြီးသကာလ နင် ဒါလောက်ရှိတဲ့ ဥစ္စာ ဒါလောက်ထည့်ရမလားဆိုပြီး ထည့်တာတောင် မကျေမနပ်လို့ ပြန်သွားတဲ့ လူတွေလည်း တစ်ပုံကြီးပဲ . . . (မှန်ပါ)၊ တချို့လည်း ပုန်းလျှိုးနေလိုက်ရလို့မရှိဘူး ပြောလိုက်ရတာတွေလည်း တစ်ပုံကြီးပဲ. . . (တစ်ပုံကြီးပါဘုရား)။

အဲဒါတွေက ပုန်းလို့လျှိုးလို့ ကွယ်လို့ကာလို့ ရသေးတယ်ထားပါဦးတော့ မင်းစိုးကိစ္စ၊ သူခိုးဒဏ်တွေကျတော့ ကာလို့ကွယ်လို့ကမရဘူး. . . (မရပါဘူးဘုရား)။

## ဘုံးသီးနဲ့ ဆုံးတွေနဲ့

ဒီကြားထဲမှာ ဒကာ ဒကာမတို့၊ ခင်ဗျားတို့ ခန္ဓာကိုယ်က ဘူးသီး၊ ကိစ္စတွေက ဆူးတွေ၊ ဒီအထဲမှာ လိမ့်နေတာပဲ. . . (မှန်ပါ)၊ ခန္ဓာကိုယ် ဘူးသီးက ဘေးရန်တွေထဲမှာ လှည့်မျောနေတာ. . . (မှန်ပါ)၊ ဟိုဘက်စောင်းလည်း စူးတာပဲ၊ ဒီဘက်စောင်းလည်း စူးတာပဲ. . . (မှန်ပါ)၊ တစ်နေ့မှ မစူးတဲ့နေ့တော့ ဒကာကြွယ်မရှိပါဘူး. . . (မရှိပါဘူးဘုရား)၊ ရှိသေးရဲ့လား. . . (မရှိပါဘူး ဘုရား)။

ဘယ်အချိန်ကျရင် ဘာကိစ္စ၊ ဘယ်အချိန်ကျရင် ဘာကိစ္စ ဆိုတာတွေ လာတော့မှာပဲ. . . (မှန်ပါ)၊ မလာပေဘူးလား. . . (လာပါတယ်)။

အဲဒီလို လာတာတွေက မအားဘူး. . . (မှန်ပါ)၊ စောရတော့ဝါ. . . တွေကလည်း ညတိုင်ကျရင် တံခါးမှပိတ်ကြရဲ့လား ဆိုတာကလည်း နေ့တိုင်းလုပ်နေရတယ်. . . (လုပ်ရပါတယ်)။

မနုဿဘောဂ ဆိုတာကလည်း လူဝင်လူထွက် အမြဲကြည့်နေရတယ် ကိုယ့်အိမ်ကိုယ့်ရာမှာ. . . (မှန်ပါ)၊ မကြည့်ရဘူးလား. . . (ကြည့်ရပါတယ်ဘုရား)။

အမနုဿဘောဂ ဆိုတာ ကလေးငိုလာရင်ပဲ အင်း. . . ဘာများဖမ်းစားပါလိမ့်။ လာပြန်ပြီ ခင်ဗျားတို့ဟာ ရှုပ်လိုက်တဲ့ ကိစ္စတွေ. . . (မှန်ပါ)၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

## လူးလိမ့်ခံနေရတယ်

အဲဒါတွေကလည်း သိပ်ပေါနေတာ၊ ဒီအထဲမှာ တစ်နေ့မှ ဒီ ကိစ္စတွေထဲကိုပဲ ထွက်ရတယ်ကို မရှိဘူး. . . (မှန်ပါ)၊ ဒီကိစ္စတွေထဲမှာ လူးလိမ့်ခံနေရတာပဲ. . . (ခံနေရပါတယ်ဘုရား)။

အဲ့ဒါကြောင့် ကိုင်း. . . ဒါ ဒုက္ခတောထဲမှာ ခန္ဓာမျောနေလို့ ရှိရင်ဖြင့် ဘယ်သူကမှလည်း ထွက်ရပ်လမ်းပေးမည့်သူမရှိ ဆိုတော့ အခု ထွက်ရပ်လမ်း ဒီဒုက္ခတောထဲမှာ လွတ်တဲ့ဥစ္စာရှိပါသေးတယ်ဆိုပြီးသကာလဒကာဒကာမတို့နိဗ္ဗာန်ရောက်တရားပဲ ဖြစ်ပျက်ရှုပြီးသွားပါ. . . (မှန်ပါ)၊ ဆိုတော့ ကိစ္စမပြီးသေးဘူးလား. . . (ပြီးပါပြီ)။

အေး. . . ဒါပေ့ါပေ့ါတန်တန်နဲ့နေလေလေကိစ္စကရှုပ်လေလေပဲ. . . (မှန်ပါဘုရား)။

ပေ့ါပေ့ါတန်တန်နဲ့ နေလေလေ. . . (ကိစ္စက ရှုပ်လေလေပါဘုရား)၊ ကိစ္စက ရှုပ်လေလေပဲဆိုတာ ဒကာသစ်ရှင်းပလား. . . (ရှင်းပါပြီ)။

ဘယ့်နှယ်ကြောင့် ကိစ္စက ရှုပ်သတုံးလို့ မေးတဲ့အခါ တော်တော်ကြာ ဘယ်လိုဖြစ်ပြန်တယ်၊ ညာလိုဖြစ်ပြန်တယ်စတဲ့ ကိစ္စတွေက ရှုပ်လာတာပဲ၊ ဒီလိုမနေဘူးလား. . . (နေပါတယ်ဘုရား)၊ ခင်ဗျားတို့ ဘယ်လိုပဲနေနေ ကိစ္စတွေက အမျိုးမျိုးနဲ့ စူးနေတာပဲ. . . (မှန်ပါ)၊ မစူးဘူးလား. . . (စူးပါတယ်ဘုရား)။

## အရှုးပျော်ပျော်နေတယ်

အဲဒါတွေကလည်း ခင်ဗျားတို့ ဒီဘေးတွေ၊ မာန်တွေ၊ ရန်တွေထဲမှာ အလူးအလိမ့်ခံနေရတဲ့ အထဲမှာမှမထွက်ချင်ဘူး ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့လောက် ဆိုးရွားတာရှာမတွေ့ပါဘူး. . . (မတွေ့ပါဘူးဘုရား)၊ အရမ်းပျော်နေတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

ဘာပျော် ပျော်နေကြသလဲ. . . (အရမ်းပျော် ပျော်နေကြပါတယ်ဘုရား)။

အရူးပျော် ပျော်နေတယ်၊ နက်ဖြန်သေမှာယနေ့ ပျော်တုန်းဆိုတော့ တော်တော်ရူးလို့. . . (မှန်ပါ)၊ နက်ဖြန်ဘေးသင့်မှာ ယနေ့ ပျော်နေတုန်း ဆိုရင်ကော. . . (တော်တော်ရူးလို့ပါဘုရား)။

အဲဒီ အရူးတွေကိုလည်း ကိလေသာ ရူးတွေ ဖျောက်ပြီး သကာလ မင်းကိလေသာက တို့အရူးခိုင်းတာ။ သံသရာထဲမှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတယ်။ မင်း ကိလေသာကြောင့် ဖြစ်ရတာ. . . (မှန်ပါ)၊ ကိလေသာဖြတ်တဲ့ မဂ်ဖြင့် မရ-ရအောင် ယူမယ်ဆိုရင်၊ ဖြစ်ပျက်ရှုရင်သူပေါ် လာတယ်. . . (မှန်ပါဘုရား)။

## ဖြစ်ပျက်ရှုရင် မဂ်ပေါ်လာတယ်

ဖြစ်ပျက်ရှုရင်. . . (သူပေါ်လာတယ်)၊ မဂ်ပေါ်လာတာ ပဲဆိုတာ ဒကာကြွယ် ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲဒီတော့ ကယ်မည့်သူ၊ ယူမည့်လူဟာ ခင်ဗျားတို့ ဘေး

တကာ၊ ရန်တကာ၊ မာန်တကာတွေထဲမှ လွတ်ရေး၊ ကျွတ်ရေးကို မေးမည့်သူဟာဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတို့မှာ ဒါပဲရှိတယ်. . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ကိုင်း. . . ဒါဖြင့် ဒီအလုပ်ကိုဖြင့် လုပ်ရမှာပဲ၊ ထမင်းစားသလို မှန်မှန်လုပ်ရမယ်. . . (မှန်ပါ)၊ ထမင်းမနက်တစ်ထပ်၊ ညတစ်ထပ်၊ နေ့လယ် ကော်ဖီ ညှပ်သေးတယ်. . . (မှန်ပါ)၊ အဲဒါတော့ သုံးကြိမ် ခင်ဗျားတို့က ဝမ်းပြည့်အောင် စားနိုင်တယ်နော်. . . (မှန်ပါ)၊ ကိုယ့်လွတ်လပ်ရေးကျတော့ ဒီသုံးကြိမ်ထဲလုပ်ဖို့ရာ နေ့လယ်တော့ မအားဘူးဘုရား ဖြစ်လာတယ်. . . (မှန်ပါဘုရား)။ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အတော်ဆိုးနေဘယ်. . . (မှန်ပါဘုရား)။

## အကျင့်နဲ့သေရင် အပါယ်မလားတော့

ဒါဖြင့် ဒကာ ဒကာမတို့ ဒိဋ္ဌိဝိစိကိစ္ဆာ အသိနဲ့ သေကြပလား. . . (သေပါပြီ ဘုရား)၊ ကိုင်း. . . ဒါဖြင့် ပြောကြပါစို့။ အသိနဲ့ သေတော့ ဒကာ ဒကာမတို့ အပါယ်လေးပါး တစ်ဘဝ၊ နှစ်ဘဝ မလားဘူးပေါ့ဗျာ. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)၊ အကျင့်နဲ့ သေရင် ဘယ်တော့မှ လုံးဝမလား. . . (မှန်ပါ)။

အကျင့်နဲ့သေရင်. . . (လုံးဝဘယ်တော့မှမလားပါဘုရား)၊ လုံးဝဘယ်တော့မှမလားဆိုတာ သေသေချာချာမှတ်ပါ. . . (မှန်ပါ)။

## ဘယ်ဟာကျင့်ရမှာတုံး

ကိုင်း. . . ဒါဖြင့် ဘယ်ဟာ ကျင့်ရမှာတုံးလို့ ဒကာ ဒကာမတွေက မေးတော့ ဒုတိယအကွက်မှာရှိတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟာ ခင်ဗျားတို့ ကျင့်စရာပစ္စည်းလို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟာ ဘာပါလိမ့်. . . (ကျင့်စရာပစ္စည်းပါဘုရား)။

ကျင့်စရာ ပစ္စည်းပဲ ဆိုတော့ ဪ. . . ဒီအပေါ်မှာပဲ တို့ ဝိပဿနာရောက်အောင် လုပ်ရမှာပါလား. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## တစ်ခုခု ဝိပဿနာရှု

ဒီနံပါတ်(၂)ထဲမှာပါတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာတစ်ခုခုရှုရမယ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါ ပြီ)။

၂-နံပါတ်ထဲပါတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာကို တစ်ခုခုဘာလုပ်ရမလဲ. . . (ရှုရပါမယ်ဘုရား)၊ တစ်ခုခုရှု. . . (မှန်ပါ)။ အကုန်ရှုရမယ်လို့ ဒကာ ဒကာမတွေ ဘုန်းကြီးများက အမိန့်လည်း မပေးပါဘူး။ ဘုရားကလည်း ဥပဒေမထားခဲ့ပါဘူး. . . (မှန်ပါဘုရား)။

## ပေါင်းလိုက်ရင်ခန္ဓာငါးပါး

ဒီခန္ဓာငါးပါးကွာတဲ့ ပေါင်းလိုက်ရင် ခန္ဓာငါးပါးပဲတဲ့။ ပေါင်းကြည့်ပါလား၊ ဒကာဒကာမတို့ ဝိညာဏ်ကလည်း နာမက္ခန္ဓာ. . . (မှန်ပါ)၊ နာမ်က နာမက္ခန္ဓာ၊ ရုပ်ကရူပက္ခန္ဓာ၊ စက္ခု၊ သောတ,ဃာန,ဇိဝှါ,ကာယကရူပက္ခန္ဓာဟောဒီမနဆိုတာကလေး ဟာက ဒကာ ဒကာမတို့၊သဠာယတနထဲမှာ နောက်ဆုံးပိတ် မနာယတနဆိုတာ ကလေးဟာက ဝိညာဏက္ခန္ဓာ. . . (မှန်ပါ)။ ဖဿက သင်္ခါရက္ခန္ဓာ ၊ ဝေဒနာက ဝေဒနာက္ခန္ဓာဆိုတော့ ပေါင်း လိုက်တော့ ခန္ဓာငါးပါးပဲ ပြန်ရတယ်. . . (မှန်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ယခု ဘယ်သူနဲ့နေကြသတုံး မေးရင် တော့ ဘယ့်နှယ်ဖြေကြပါ့မလဲ. . . (ခန္ဓာငါးပါးနဲ့နေကြပါတယ် ဘုရား)။

ခန္ဓာငါးပါးနဲ့ နေတာ ကိုယ့်ဟာကိုယ် သိပြီ။ အတိတ် အကြောင်းကြောင့် ခန္ဓာငါးပါးကြီးနဲ့ ယခုနေရပြီ။ ဒီ ခန္ဓာငါးပါး ကြီးကလည်း ဘာသစ္စာတဲ့. . . (ဒုက္ခသစ္စာပါ)၊ ဩော်. . . ဒါ ဖြင့် ဒီဥစ္စာ ဖြစ်-ပျက် မြင်အောင် ကြည့်လို့ရှိရင် ဖြစ်-ပျက်ဟာ ဒုက္ခသစ္စာပဲ. . . (မှန်ပါ)၊ ဖြစ်-ပျက် မြင်လာလို့ရှိရင်ဖြင့် ငါ ဒုက္ခ သစ္စာ မြင်ပြီလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

ဖြစ်-ပျက်မြင်ရင်. . . (ဒုက္ခသစ္စာ မြင်ပြီလို့မှတ်ရပါမယ်)၊ မြင်ပြီလို့ မှတ်ပေတော့၊ ဖြစ်-ပျက် မုန်းရင်လည်း ဒုက္ခမုန်းပြီလို့ မှတ်ပေတော့. . . (မှန်ပါ)၊ ဖြစ်-ပျက် ဆုံးရင်လည်း. . . (ဒုက္ခဆုံး

ပြီလို့မှတ်ရပါမယ်)၊ ဒုက္ခဆုံးပြီဆိုတာ မှတ်ပေတော့။ ဒုက္ခအဆုံး ဟာလည်း နိဗ္ဗာန်ပါပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ဒုက္ခဆုံးတာဟာနိဗ္ဗာန်

ဒုက္ခဆုံးတာဟာ. . . (နိဗ္ဗာန်ပါဘုရား)၊ ဪ. . . နိဗ္ဗာန် သည် ဒကာ ဒကာမတို့၊ ဒီအကွက်ထဲကဟာကို ကျုပ်တို့ ဖြစ်မှု- ပျက်မှုမြင်ဖို့ ဒကာကြွယ် အရေးကြီးတယ်. . . (ကြီးပါတယ် ဘုရား)။

၂-နံပါတ် အကွက်ထဲက ဝေဒနာဖြစ်-ပျက်မြင်ဖို့၊ စိတ် ဖြစ်-ပျက်မြင်ဖို့ တစ်ခုခုပေါ့ဗျာ- (မှန်ပါ)၊ အဲဒီအနိစ္စကလေးတွေ ကို ဖြစ်-ပျက်ဆိုတာ အနိစ္စပါပဲ. . . (မှန်ပါ)၊ အဲဒီ အနိစ္စကလေး တွေ ဒကာ ဒကာမတွေက မြင်လာပြီဆိုမှဖြင့် ဟောဒီဘက် သွား မည့်တရားတွေ၊ ၃-နံပါတ်သွားမည့်တရားတွေ မသွားနိုင် ဘူး၊ ဒီအဆက်ဟာ ပြတ်သွားတယ်. . . (မှန်ပါ)။

ဒီအဆက်ဘာဖြစ်သွားသတုံး. . . (ပြတ်ထွက်သွားပါ တယ်)။

အခုတော့ သံသရာခရီးသည်မှာတော့ ဒီလိုဆက်လိမ့် မပော့ဆိုပြီး ပြတယ်. . . (မှန်ပါ)၊ သံသရာခရီးဆုံးတဲ့ ပုဂ္ဂိုလ်မှာ ဒီအဆက် ပြတ်ပါတယ်. . . (ပြတ်ပါတယ်)၊ ဒီအဆက်ပြတ်ပြီး ဘယ်သွားသတုံးမေးတော့ ဒကာ ဒကာမတို့၊ ဝေဒနာနိရော ဓာ. . . (တဏှာနိရောဓောပါဘုရား)တဏှာနိရောဓောနိဗ္ဗာန်. . .

(မှန်ပါ)၊ အဲ. . . အဆက်ပြတ်တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်သွားတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## နိဗ္ဗာန်ဆိုတာဝေးသလား

အဆက်ပြတ်တဲ့ ပုဂ္ဂိုလ်. . . (နိဗ္ဗာန်သွားပါတယ်ဘုရား)။

သြော်. . . ဒါဖြင့် နိဗ္ဗာန်ဆိုတာ အဝေးကြီးလား မှတ်တယ်၊ ဒီအဆက်ပြတ်အောင် ကျုပ်တို့က ဖြစ်-ပျက်မြင်တဲ့မဂ်နဲ့ ဖြတ်လိုက်ရင် ဒီအဆက်ဟာ ပြတ်ထွက်သွားတယ်. . . (ပြတ်ပါတယ်ဘုရား)၊ ဒီအဆက်ကလေးဟာ စပ်သေးရဲ့လား. . . (မစပ်ပါဘူးဘုရား)၊ မစပ်ဘူးပြတ်တယ်. . . (မှန်ပါ)။

ကိုယ့်ပုံစံစာရွက်ထဲကိုယ်ကြည့်ပါ ဒကာ ဒကာမတို့။ အဆက်ကလေး ဘာဖြစ်သွားသတုံး. . . (ပြတ်သွားပါတယ်ဘုရား)၊ ဒီနေရာ ဘယ်သူဝင်လာပါလိမ့်. . . အဆက်နေရာမှာ. . . (မဂ်ဝင်လာပါတယ်)၊ သြော်. . . ဒါဖြင့် မဂ်သည် ဖြတ်တယ်ဆိုတာ ပေါ်သွားပြီ. . . (ပေါ်သွားပါပြီ)။

မဂ်သည် တစ်ဘဝနဲ့ တစ်ဘဝ ပြတ်တတ်ပါတယ်တဲ့ ဒကာ ဒကာမတို့. . . (မှန်ပါ)၊ ဒီဘက်တွေ ကူးသေးရဲ့လား. . . (မကူးပါဘုရား)၊ ၃-နံပါတ်က တရားတွေလည်း မပေါ်လာဘူး၊ ၄-က ခန္ဓာတွေကော. . . (မပေါ်လာပါဘူး)၊ မပေါ်လာတော့ သြော်. . . ၃-မှာပေါ်သင့်တဲ့ တရားတွေကိုလည်းဖြတ်၊ အကြောင်းတွေဖြတ်တဲ့အတွက် ဒီအကျိုးဟာ ပေါ်သေးရဲ့လား. . . (မပေါ်ပါဘူး)။

ဒီမှာ ပစ္စုပ္ပန်အကြောင်းခြင်းရာ လို့ပြထားတဲ့ အတွက် အနာဂတ်အကျိုးတွေ လာသေးရဲ့လား. . . (မလာပါဘူး)။

## မင်္ဂနဲ့ ဖြတ်မှပြတ်မယ်

ဩော်. . . ဒါဖြင့် တို့ ဒီနေရာမှာ မင်္ဂသွင်းဖို့ နေရာပြတဲ့ အဆက်ပဲ။ မင်္ဂနဲ့ဖြတ်မှ ပြတ်မည့် အဆက်ပဲဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်)။

ဒီအဆက်ကလေးဘာနဲ့ ဖြတ်ကြမယ်. . . (မင်္ဂနဲ့ဖြတ်ကြရပါမယ်ဘုရား)၊ မင်္ဂနဲ့ဖြတ်လိုက်တော့ မောင်ဘသော် သေချာသွားတယ်. . . (သေချာသွားပါတယ်ဘုရား)။

ဥပမာကြည့်ပါလား။ ဝေဒနာရှုတော့ ဝေဒနာဖြစ်-ပျက်၊ ရှုတဲ့ ဝမ်းထဲက ဒီနေရာ မင်္ဂပေါ်မယ်. . . (ပေါ်ပါတယ်ဘုရား)၊ မင်္ဂပေါ်တော့ ဒီအဆက်ကလေးသည်ကား ဒီဘက်ကူးသေးရဲ့လား. . . (မကူးပါဘူး)။

ဝေဒနာပစ္စယာတဏှာကိုး. . . (မှန်ပါ)၊ ဒီတဏှာမှမလာတော့ ဒီနေရာမှာမင်္ဂကဖြတ်လိုက်လို့ဒီတဏှာမလာတာ. . . (မှန်ပါ)။

ဒီတဏှာမလာတော့ ဒီဥပါဒါန်. . . (မလာပါဘူး)၊ ဒီကမ္မဘဝ. . . (မလာပါဘူး)၊ ဒီဇာတိ, ဇရာ, မရဏ. . . (မလာပါဘူး)။

## ၂ မှ ၃ မကူးဖို့ အရေးကြီးတယ်

ဒါဖြင့် ဒကာ ဒကာမတို့ ၂-မှ ၃-မကူးဖို့ တယ်အရေးကြီးပါလား. . . (အရေးကြီးပါတယ်ဘုရား)။

ဘာအရေးကြီးသလဲ. . . (၂-မှ ၃-မကူးဖို့ အရေးကြီးပါတယ်ဘုရား)၊ ကဲ-၂-မှ ၃-မကူးအောင် ဘာနဲ့တားကြမယ်. . . (မဂ်နဲ့တားရပါမယ်ဘုရား)။

အို. . . ဒီစကားကလေး တစ်လုံးကို တစ်ပြိုင်နက် ထွက်ပြီးလာတာ ကိုယ့်အရေး ကိုယ်သိတဲ့ ပုဂ္ဂိုလ်တွေ ဒကာကြွယ်. . . (မှန်ပါ)၊ ၂-မှ ၃-မကူးအောင် ဘာနဲ့ဖြတ်ကြမယ်. . . (မဂ်နဲ့ဖြတ်ရပါမယ်)။

## ဝေဒနာက ဖြစ်ပျက်၊ ရှုတာကမဂ်

ဒါဖြင့် ၂-သည်ကားလို့ ဆိုရင်ဖြင့် ရှုစရာ အနိစ္စတရားဟုတ်လား. . . (မှန်ပါ)၊ အဆက်ဖြတ်တာသည် မဂ်တရား. . . (မှန်ပါ)၊ မဂ်က ဝမ်းထဲမှာ ဒီနေရာ ဒီအစပ်ကို ဖြတ်တယ်. . . (မှန်ပါ)၊ ဖဿက ဖြစ်-ပျက်၊ ရှုတာက မဂ်ဆိုတော့ ဒီအဆက်ဘယ့်နှယ်နေသလဲ. . . (ပြတ်ပါတယ်ဘုရား)၊ ဝေဒနာက ဖြစ်-ပျက်၊ ရှုတာက မဂ်ဆိုတော့. . . (အဆက်ပြတ်ပါတယ်ဘုရား)၊ ဘာဖြစ်သွားသတုံး. . . (ပြတ်သွားပါတယ်ဘုရား)၊ ဒါဖြင့် ၂-နဲ့ ၃-ဘယ့်နှယ်တုံး. . . (ပြတ်ပါတယ်ဘုရား)၊ပြတ်သွားတယ်၊ ကူးသေးရဲ့လား. . . (မကူးပါဘူးဘုရား)၊ ဪ. . . ဒါဖြင့် သံသရာပြတ်တယ်. . . (မှန်ပါ)။

ကြည့်စမ်း၊ ပစ္စုပ္ပန်မှာ ယခု ကျုပ်တို့ တဏှာ ဥပါဒါန်ကံ တွေ မလာတဲ့အတွက် အနာဂတ်မှာ ဇာတိ, ဇရာ, မရဏတွေ ကော လာသေးသလား. . . (မလာပါဘူးဘုရား)၊ ဇာတိ, ဇရာ, မရဏ, ဥပပတ္တိဘဝဆိုတဲ့ ဘဝတွေဟာ. . . (မလာတော့ပါဘူး ဘုရား)။

ဩော်. . . ဘယ်သူ့ ကျေးဇူးပါလိမ့်. . . (မဂ်ရဲ့ ကျေးဇူး ပါဘုရား)။

## မဂ်ရဲ့ ကျေးဇူး

ဒါဖြင့် မဂ်သည် ကိလေသာကိုလည်း ဖြတ်တယ်၊ ဟုတ် လား. . . (မှန်ပါ)၊ အပါယ်ခန္ဓာတွေကိုလဲ. . . (ဖြတ်ပါတယ် ဘုရား)။

အပါယ်ခန္ဓာတွေ ပေါ်ခွင့်လည်း မပေးဘူး. . . (မပေးပါ ဘူး)၊ ဒါဖြင့် ကိလေသာလည်းဖြတ်၊ ခန္ဓာလည်းဖြတ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

အားထုတ်တဲ့ မဂ်သည်. . . (ကိလေသာလည်းဖြတ်၊ ခန္ဓာ လည်း ဖြတ်ပါတယ်ဘုရား)၊ ဒီမှာ တဏှာဟာ ကိလေသာ၊ ဥပါဒါန်ဟာ ကိလေသာ၊ ဒီမှာဖြစ်-ပျက် ဒီနားမှာ ကျုပ်တို့ ဝမ်း ထဲမှာ မဂ်ကလေးနဲ့ ရှုလိုက်တဲ့အခါကျတော့ ကိလေသာလည်း ပြတ်တယ်. . . (ပြတ်ပါတယ်ဘုရား)။

ကိလေသာပြတ်တဲ့အတွက် ဒီဘက်ခန္ဓာတွေ၊ အပါယ်ခန္ဓာ

တွေ ဇာတိ, ဇရာ, မရဏလာသေးရဲ့လား. . . (မလာနိုင်ပါဘူး)၊ ဒါဖြင့်ကိလေသာလည်းပြတ်၊ခန္ဓာကော. . . (ပြတ်ပါတယ်ဘုရား)။

## ဒုက္ခသစ္စာချုပ်တယ်

ဩော်. . . ကိလေသာ ပြတ်တာက သမုဒယသေတာ ပေါ့ဒီမှာ. . . (မှန်ပါ)၊ ကိလေသာပြတ်တော့ ဒီသမုဒယသစ္စာ လာသေးရဲ့လား. . . (မလာပါဘူး)၊ မလာတော့ ဒီခန္ဓာပြတ် တော့ဒုက္ခသစ္စာချုပ်တာပဲ. . . (မှန်ပါ)၊ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

ဒီလိုပြတော့ ဒကာ ဒကာမတွေ ယခုလို မြင်ပြီး သကာလ နာရတဲ့အတွက် ဒကာကြွယ် အလျင်နာတဲ့နည်းနဲ့ ပိုမိုပြီး သကာလ ရှင်းလင်းတယ်. . . (ရှင်းပါတယ်ဘုရား)၊ အားလုံး ဒကာ ဒကာမတွေ ရှင်းကြရဲ့လား. . . (ရှင်းပါတယ်ဘုရား)။

ဒီဟာကို ရှင်းလို့ရှိရင်ဖြင့် ခင်ဗျားတို့ သံသရာက ရှည်လှ ပြီဆိုတာ နောက်လည်း ဘယ်လိုမျှား စခန်းသတ်မတုံးဆိုတဲ့ ညည်းလုံး မလာပါနဲ့တော့. . . (မှန်ပါ)။

အလုပ်လုပ်တတ်လို့ရှိရင်ဖြင့် စိတ်ကို ဖြစ်-ပျက်ရှုလည်း ဒီနေရာမက်ပေါ်မှာပဲ . . (မှန်ပါ)၊ ဖဿဖြစ်-ပျက်ရှုကော. . . (မက်ပေါ်မှာပါပဲ)၊ ဒီအဆက်ပေါ်မှာ လာပေါ်မယ်၊ ဒီအဆက် ဖျက်ပစ်တာပဲ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## ဒီအဆက်ဖြတ်ပစ်တယ်

ဒီအဆက် ဖြတ်ပစ်တော့ကို ဒကာ ဒကာမတို့၊ တဏှာ ဥပါဒါန် ကံတွေ လာသေးရဲ့လား၊ ကမ္မဘဝတွေလေ. . . (မလာပါဘူး)၊ ဒီကမ္မဘဝမှ မလာတော့ ဒီအဆက်ကလည်း ပြတ်သွားတယ်. . . (ပြတ်သွားပါတယ်)၊ ဒီအဆက်ပြတ်ကတည်းက နောက်ဘဝ ဇာတိ ပဋိသန္ဓေ နေဖို့. . . (မလာပါဘူး)၊ အပါယ် လေးပါးနေဖို့ မလာတော့ဘူး. . . (မလာပါဘူး)၊ ဇရာ, မရဏ တော. . . (မလာပါဘူး)။

ဩော်. . . ဘယ့်နှယ်ကြောင့် မလာပါလိမ့်မတုံးလို့ဆို တော့ ၂-မှ ၃-ကို မကူးအောင် မဂ်နဲ့ဖြတ်လိုက်လို့. . . (မှန်ပါ)။

၂-မှ ၃-ကိုမကူးအောင်. . . (မဂ်နဲ့ဖြတ်လိုက်ပါတယ် ဘုရား)၊မဂ်နဲ့ ဖြတ်လိုက်တဲ့အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမ တွေမှာ အပြတ်ကြီး ပြတ်သွားတော့ ဒါ မပြတ်သရွေ့ ငါစိတ်မချရ သေးဘူးဆိုပြီး အိပ်ကို မပျော်နဲ့. . . (မှန်ပါ)၊ ဒါကိုဖြင့် ပြတ် အောင်လုပ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါ မပြတ်လို့ရှိရင် ဒကာ ဒကာမတွေ သန္တာန်မှာ ဒီတဏှာ ဥပါဒါန်ကံ ပေါ်-မပေါ် . . . (ပေါ်ပါတယ်ဘုရား)၊ ပေါ်ရင် နောက်ဘဝ ဇာတိ, ဇရာ, မရဏတွေ ဒီအဆက်ကနေ ကူးသွား တာပေါ့. . . (ကူးပါတယ်)၊ ကူးလို့ရှိရင်လည်း သံသရာ တစ်ပတ် ရသွားမယ်. . . (ရပါတယ်)၊ ဒီဘက်ဆက်ရှုံပဲရှိတော့တယ်. . . (မှန်လှပါဘုရား)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အရေးတကြီး လုပ်ရမှာ ဘယ်နေရာပါ လိမ့်မတုံးလို့ မေးလို့ရှိရင် ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ၂-နဲ့ ၃-အဆက်ဖြတ်ရမယ်. . . (မှန်ပါဘုရား)။

ဘာတဲ့ ဒကာ ဒကာမတို့. . . (၂နဲ့ ၃ အဆက်ဖြတ်ရပါမယ်)၊ ၂နဲ့ ၃အဆက်ကို ဖြတ်ရမယ်ဆိုတာဖြင့် ရှင်းပါပြီ. . . (ရှင်းပါပြီဘုရား)။

## အပါယ်လေးပါး လွတ်ပြီ

အဲဒါကြောင့် ၂နဲ့ ၃ကို ဒီအဆက် ဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ စတုဟာပါယေဟိစ ဝိပ္ပမုတ္တော၊ အပါယ်လေးပါးဖြင့် လွတ်ပကွာတဲ့ အပါယ်ဇာတိ အပါယ်ဇရာ အပါယ်မရဏာတွေတော့ဖြင့် ဒီ ၂နဲ့ ၃မကူးရတဲ့အတွက် မလာပါဘူးတဲ့. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

အဲဒီ အပါယ်ဇာတိမလာတော့ဘုရား၊ ဘယ်ဇာတိများ လာဦးမှာတုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတို့ သုဂတိဇာတိတော့လာလိမ့်မယ်၊ပထမမဂ်က. . . (မှန်ပါ)၊ဆက်ကျင့်သွားရင်တော့ မလာပါဘူး. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဘယ်အချက်ဟာ အရေးကြီးပါလိမ့်. . . (၂နဲ့၃မကူးဖို့ အရေးကြီးပါတယ်ဘုရား)။

၂နဲ့ ၃မကူးအောင်၊ မောင်ဘသော်တို့ လူစု၊ ဒကာကြွယ်တို့ ဦးလှဖူးတို့က ဘယ်လိုလုပ်ကြမှာတုံး. . . (မဂ်နဲ့ ဖြတ်ရပါ

မယ်ဘုရား)၊ မဂ်ကဘယ်နေရာမှာ ပေါ်ရမှာတုံး. . . (၂-နဲ့၃ကြား မှာ ပေါ်ရမှာပါ)၊ ၂-နဲ့ ၃အစပ်မှာ ပေါ်ရမယ်. . . (မှန်ပါ)။

ဘယ်ဟာရှုလို့ပေါ်တာပါလိမ့်. . . (ဝေဒနာရှုလို့ပါဘုရား)၊ ဝေဒနာရှုရှု. . . စိတ်ရှုရှု. . . သင်္ခါယတနထဲကစိတ်လည်း ပါသေးတာကိုး. . . (မှန်ပါ)၊ အဲဒါရှုလိုက်လို့ရှိရင်လည်း လာနိုင် သေးရဲ့လား. . . (မလာနိုင်တော့ပါဘူး)၊ ဒကာကြွယ်. . သူများ ပြောလား. . . တကယ်ကိုပြတ်သွားတာလား. . . (တကယ်ကို ပြတ်သွားတာပါဘုရား)။

## နိဗ္ဗာန်မှရောက်ပါ့မလား

ဒါဖြင့် ငါနိဗ္ဗာန် ရောက်မှ ရောက်ပါ့မလားလို့ မေးမနေနဲ့၊ ပြတ်တော့ဒီဘက်ထွက်သွားတယ်. . . (မှန်ပါ)၊ဝေဒနာနိရောဓ. . . (တဏှာနိရောဓောပါ)၊ တဏှာနိရောဓော နိဗ္ဗာန်. . . (မှန်ပါ)၊

တဏှာနိရောဓောဆိုတာ ဘာပါလိမ့်. . . (နိဗ္ဗာန်ပါ ဘုရား)၊ ဒါဖြင့် ဒီဘက်မသွားဘဲနဲ့ နိဗ္ဗာန်ရောက်သွားတယ်. . . (မှန်ပါ)၊ ဒီဘက်မပတ်တော့ဘူး. . . (မပတ်ပါဘူး)၊ သဘောကျ ပလား. . . (ကျပါပြီ)။

ဩော်. . . ဒကာကြွယ်. . . သဘောပျော်တဲ့တရားဆိုတာဖြင့် ကောင်းကောင်းရိပ်မိပါပြီ. . . (ရိပ်မိပါပြီဘုရား)။

နောက်က ဒကာဒကာမတွေ မြင်လည်းမြင်ကြရဲ့ လား. . . (မြင်ကြရပါတယ်ဘုရား)၊ မမြင်ရလို့ရှိရင် အဲဒီကိုယ့် စာရွက်ကိုယ်ကြည့်. . . (မှန်ပါဘုရား)၊ ဒီက ထောက်ပြတာနဲ့

ဟိုမှာ လိုက်ကြည့်လိုက်ပေါ့ပြီးတာပဲ၊ ဒါကြောင့် အင်မတန် အဖိုးတန်တယ်ဆိုတာ လုံလောက်ပါပြီ. . . (လုံလောက်ပါပြီ ဘုရား)။

အဲဒီတော့ ကိုယ့်အိမ်ကိုယ့်ရာကျတော့ ဒီဟာတွေ နားလည်ပြီးပလား၊ နားလည်ပြီးလို့ရှိရင် မှန်ဘောင် သွင်းပြီးချိတ်ထား. . . (မှန်ပါ)၊ မှန်ဘောင်သွင်းပြီး ချိတ်ပြီးသကာလ ခဏခဏပြန်ကြည့်. . . (မှန်ပါ)၊ ငါသည် ယနေ့၂နဲ့၃ဆက်မိပလား. . . မဆက်မိဘူးလား၊ ငါ ယနေ့ ၂နဲ့ ၃ဖြတ်တဲ့နေ့လား မဖြတ်တဲ့နေ့လားဆိုတာ ကိုယ့်ဟာကိုယ်ဝေဖန်. . . (မှန်ပါ)။

## ကိုယ့်ဟာကိုယ် ဝေဖန်ပါ

ကိုယ့်ဟာကိုယ် ဝေဖန်တော့ ဘယ်သူကမှ ဆုံးဖြတ်ချက်ချစရာမလိုဘူး၊ ၂နဲ့ ၃ဆက်ရင် ငါ အပါယ်သွားလိမ့်ဦးမယ်. . . (မှန်ပါ)၊ ၂နဲ့၃ငါဒီနေ့မဆက်အောင် တော်တော်လုပ်နိုင်တယ်ဆိုရင် ငါယနေ့ နေ့ထူးနေ့မြတ်ပဲ. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ၂နဲ့၃ဟာ ဒကာ ဒကာမတို့ ဘယ်လောက်ထိအောင် အရေးကြီးတယ် ဆိုတာ ဒကာသစ်၊ မောင်ဘသော်တို့ ပေါ်ပြီ. . . (ပေါ်ပါပြီဘုရား)၊ မပေါ်ကြသေးဘူးလား. . . (ပေါ်ပါပြီ)။

## သူများကို မတုကြပါနဲ့

အေး. . . ဒါကြောင့် သူများကိုတော့ မတုကြပါနဲ့. . . (မှန်ပါ)၊ သိန်းပေါင်းများစွာ ချမ်းသာတဲ့ အလုပ်ကြီးအကိုင်ကြီး သမားတွေကျတော့ မအားဘူးဆိုတာ ဘာမအားကြတာတုံးဆို တော့ ၂နဲ့၃ကူးနေလို့ မအားတာ. . . (မှန်ပါဘုရား)၊ ရှင်းပ လား. . . (ရှင်းပါပြီ)။

မအားတာ ဘာဖြစ်လို့မအားတာပါလိမ့်. . . (၂နဲ့၃ကူးနေ လို့ပါဘုရား)၊ ဒါဖြင့် ၄-ရောက်မှ ရောက်ပါ့မလား. . . (ရောက် ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ မအားဘူးဆိုလို့ရှိရင် ဒါ ကူးတာပဲ. . . (ကူးတာပါဘုရား)။

## သံသရာ ပြတ်တဲ့နေ့

ဒီအချိန်ကလေးဖြင့် ငါ ဖြတ်နေမယ်ဆိုပြီး ကိုယ့် ခန္ဓာ ဝေဒနာရှုပြီး ဖြစ်ပျက်ရှုနေ၊ စိတ်ကြိုက် စိတ်ဖြစ်ပျက်ရှုနေ၊ ရုပ် ကြိုက် ရုပ်ဖြစ်ပျက် ရှုနေမယ် ဆိုလို့ရှိရင်ဖြင့် ဩော်. . . ယနေ့ သည်ကား ဆိုလို့ရှိရင်ဖြင့် သံသရာပြတ်တဲ့နေ့ပဲ. . . (မှန်ပါ)။

ဒါက အရှင်ဘုရား. . . တပည့်တော် ဘယ်လိုနေသတုံး၊ တပည့်တော်အကြောင်း၊အရှင်ဘုရားတရားဟောနေတာလည်း၊ ကြာပါပြီ၊ တပည့်တော်တို့လည်း ကြည်ညိုနေတာ ကြာပါပြီ။ တပည့်တော်တို့အကြောင်း ဘယ်လိုပါလိမ့်မတုံးလို့ ဘုန်းကြီး

မေးဖို့မလိုဘူး. . . (မှန်လှပါဘုရား)၊ လိုသေးသလား. . . (မလို ပါဘူးဘုရား)။

မလိုတော့ပါဘူးတဲ့၊ ဝေဒနာနောက်က တဏှာမလာရင် ပြတ်တာပဲ. . . (မှန်ပါ)၊ မလာအောင် ဘယ့်နှယ်လုပ်မလဲ၊ ဝေဒနာဖြစ်ပျက်ရှု. . . (မှန်ပါ)၊ တစ်ခါ ဒီဘက် ဖဿတွေ့တဲ့အခါ ဖြစ်ပျက်ရှု. . . (မှန်ပါ)၊ တဏှာလာသေးရဲ့လား. . . (မလာပါ ဘူး)၊ သင်္ခါရယတနဆိုတာ စိတ်ပါနေတယ်. . . (မှန်ပါ)၊ အဲဒီ စိတ် ဖြစ်ပျက်ရှုရင်ကော. . . (မလာပါဘူးဘုရား)။

## ဘယ်သူ့မှ သွားမမေးပါနဲ့

မလာတော့ဘူးဆိုရင်ဖြင့် ကြိုက်တာရှုနေရင်ဖြင့် တပည့် တော်ဘယ်လိုနေသတုံးလို့ဘယ်သူ့မှသွားမေးနေဖို့မလိုဘူး၊ကိုယ့် ဟာကိုယ်ပြတ်မှန်းသိတယ်. . . (မှန်ပါဘုရား)၊ရှင်းပလား. . . (ရှင်းပါပြီ)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ အခု ဆရာသမား သင် လွှတ်တဲ့ တရားသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ကိုယ့်ကိုယ်ကို အကဲ ခတ်နိုင်တဲ့ တရား. . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်. . . (ကိုယ့်ကိုယ်ကို အကဲခတ်နိုင်တဲ့ တရားပါဘုရား)။

ကျုပ်တို့တော့ သေပျော်ပါပြီလို့ ရမ်းမပြောနဲ့၊ကျုပ်တို့သေ ပျော်ပါပြီလို့တချို့ဒကာဒကာမတွေပြောတယ်. . . (ပြောပါတယ်)၊

ရမ်းပြောတာ အဲဒါ. . . (မှန်ပါ)၊ ၂-နဲ့ ၃ ကူး-မကူး ကိုသာ ကြည့်. . . (မှန်ပါ)။

## ယနေ့ နည်းပေးလိုက်မယ်

ဥပမာမယ်. . . ဝေဒနာကလေး ယနေ့ နည်းပေးလိုက်ပါမယ်. . . (မှန်ပါ)၊ ခန္ဓာကိုယ်ထဲမှာ ဝမ်းသာတာကလေးပေါ်လာတယ်၊ ဝမ်းသာတာ သောမနဿဝေဒနာပဲ. . . (မှန်ပါ)၊ အဲဒါ ဖြစ်ပျက်မရှုလို့ရှိရင်ဖြင့် သောမနဿဝေဒနာပစ္စယာတဏှာ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒေါမနဿကလေး ဖြစ်တယ် ဝမ်းထဲမှာ၊ မရှုမိဘူး ဆိုရင် ဒေါမနဿပစ္စယာလည်း ဒေါသ သောက စသည် ကူးမှာပဲ. . . (မှန်ပါ)၊ မကူးပေဘူးလား. . . (ကူးပါတယ်)။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတွေမှာ ဥပေက္ခာဖြစ်တယ်။ မရှုမိဘူး ဆိုလို့ရှိရင်ဖြင့် ဝေဒနာပစ္စယာ အဝိဇ္ဇာစသည် ကူးမှာပဲ. . . (မှန်ပါ)၊ မကူးပေဘူးလား. . . (ကူးပါတယ်ဘုရား)။

အဲဒီတော့ တပည့်တော် ဘယ့်နှယ်နေသတုံး မေးဖို့မလိုဘူး၊ ဒီဒကာ ဒကာမတွေ ဒုက္ခသေချာတယ် ပြောရုံပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘာသေချာတယ် ပြောမလဲ. . . (ဒုက္ခ သေချာတယ် ပြောရုံပါပဲ)၊ ဘာ့ကြောင့်တုံး၊ ၂-နဲ့ ၃-ကူးနေလို့. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘယ်လိုမှတ်ကြမယ်. . . (၂-နဲ့ ၃-ကူးနေလို့ပါဘုရား)။

## ဖြစ်ပျက်မရှုမိရင်ကူးမယ်

၂-နဲ့ ၃ဘယ့်နှယ်ကြောင့် ကူးပါလိမ့်မတုံးဆိုတာ ၂-ထဲက ပေါ်တဲ့တရားကို ဒကာ ဒကာမတွေ ဖြစ်-ပျက် မရှုမိလို့ ကူးတာ. . . (မှန်ပါ)။

၂-ထဲရှိတဲ့ တရားတွေကို. . . (ဖြစ်-ပျက် မရှုမိလို့ ကူးတာပါ)၊ ၂-ထဲရှိတဲ့ ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း မရှုမိဘူး. . . (မှန်ပါ)၊ စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ စိတ်ပေါ်တိုင်း ပေါ်တိုင်း မရှုမိလို့ ဘာဖြစ်ရပါလိမ့်. . . (၃-ကူးသွားပါတယ်ဘုရား)၊ ၃-ကူးသွားရင်တော့ ဘုရားတောင် မတတ်နိုင်ဘူး. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

၃-ကူးသွားရင်တော့. . . (ဘုရားတောင် မတတ်နိုင်တော့ပါဘူး)၊ ဘာဖြစ်လို့တုံး. . . ၃-အကြောင်းကို အားထုတ်မိလို့၊ မမြင်ဘူးလား ဒီမှာ ပစ္စုပ္ပန်အကြောင်းလို့ ပါနေတယ်. . . (မှန်ပါ)၊ ပစ္စုပ္ပန်အကြောင်း အားထုတ်မိရင် အနာဂတ်အကျိုး သေသည်၏ အခြားမဲ့၌ ဟော. . . ဆက်မယ်တဲ့. . . (မှန်ပါ)၊ ဇာတိ ဇရာ မရဏတွေ လာမယ်. . . (လာမှာပါ)၊ ဒီခန္ဓာငါးပါး ရမယ်. . . (ရမှာပါ)၊ ဒီခန္ဓာငါးပါးနဲ့ ဇာတိ ဇရာ မရဏ တွဲလိမ့်မယ်တဲ့. . . (မှန်ပါ)၊ မတွဲပေဘူးလား. . . (တွဲပါတယ်)။

## ၂ နဲ့ ၃မကူးရင် စိတ်ချရပြီ

ကိုင်း. . . ဒါဖြင့် တပည့်တော်တို့ ယခု စိတ်ချလောက်ပလား ဘုရားလို့ ဒကာ ဒကာမတွေကလဲ မေးချင်မေးမယ်. . . (မှန်ပါ)၊ ၂-နဲ့၃ မကူးရင် စိတ်ချရတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

မကူးအောင် နေနိုင်လို့ရှိရင်ဖြင့် စိတ်ချရပါတယ်. . . (မှန်ပါ)၊ ကူးနေသေးလို့ရှိရင်ဖြင့် လိုသေးသဟေ့. . . (မှန်ပါ)၊ သူများမေးရမှာလား ကိုယ့်ဟာကိုယ် သိတာလား. . . (ကိုယ့်ဟာကိုယ်သိတာပါ)။

ဒကာကြွယ် ဒါဖြင့် ဩော်. . . ဆရာဘုန်းကြီး ပြနေတာသည်·ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းနဲ့ပြပြီး ဘုရားဟော ဒေသနာတော်ကြီးပြနေတာ၊ ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်အောင်လို့ ပြနေတာ. . . (မှန်ပါ)။

## ကိုယ်တိုင်ဆုံးဖြတ်နိုင်အောင် နည်းပေးတာ

ဘယ်လိုပါလိမ့်. . . (ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်အောင်လို့ ပြနေတာပါ)၊ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်အောင်လို့ နည်းပေးနေပါတယ် ဆိုတာဖြင့် မောင်ဘသော်တို့ ဒကာကြွယ်တို့ သေချာလောက်ပါပြီ. . . (သေချာလောက်ပါပြီ ဘုရား)။

ခင်ဗျားတို့ သူများသွားမမေးပါနဲ့၊ သက်ကြီးတွေလည်း

သွားမမေးပါနဲ့၊ ဆရာတော် သမားတော်တွေကိုလည်း နားရှုပ်အောင် သွားမေးမနေပါနဲ့၊ မဟုတ်ဘူးလား. . . (မှန်ပါ)၊ ၂-နဲ့ ၃-မကူးတော့ပါဘူးဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သံသရာပြတ်တာပဲ. . . (မှန်ပါဘုရား)၊ သံသရာပြတ်လို့ရှိရင်ဖြင့် ဒီဘက်လှည့်သွားတယ်. . . (မှန်ပါ)၊ မလှည့်ဘူး လား. . . (လှည့်ပါတယ်ဘုရား)၊ နိဗ္ဗာန်ဘက်လှည့်သွားတယ်. . . (မှန်ပါ)။

## နိဗ္ဗာန်ဘက် လှည့်သွားတယ်

သံသရာပြတ်ရင် ဘယ်လှည့်ပါလိမ့်. . . (နိဗ္ဗာန်ဘက်လှည့်ပါတယ်)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

အဲဒီတော့ ဒါက အလွန်ဟောတဲ့တရားလို့ မှတ်လိုက်ပါ. . . (မှန်ပါ)၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအတွက်ကိုတော့ဖြင့် ဘယ်လိုဟောရမလဲဆိုတော့ အခုနကဟာက ရဟန္တာကို ဟောတာ. . . (မှန်ပါ)၊ အခု ဒီဒကာ ဒကာမတွေက သောတာပန် မျိုးစေ့လောက်, သောတာပန်လောက်အစရှိသည့်ကိုယ့်မှာရောက်နေတဲ့ ပုဂ္ဂိုလ်ကတော့ ဆက်တော့ ဆက်လိမ့်မယ်နော်. . . (မှန်ပါ)၊ ဆက်တဲ့အခါ သူဆက်မှာပဲ. . . (မှန်ပါ)၊ တဏှာဉပါဒါန်ကံဆက်ပါလိမ့်မယ်. . . (မှန်ပါ)၊ ဆက်ပင်ဆက်ငြားသော်လည်း ခုနင်က နိဗ္ဗာန်မြင်ပြီးရင် ဒီတဏှာသည် အပါယ်ကျတဲ့တဏှာ မဟုတ်တော့ဘူး. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒီ ဉပါဒါန်ကော. . . (အပါယ်ကျတဲ့ ဉပါဒါန် မဟုတ်ပါ

ဘူး)၊ ဒီ ကံကော. . . (အပါယ်ကျတဲ့ ကံ မဟုတ်ပါဘူး)၊ ဒါဖြင့် ဒီ ဇာတိက နတ်ရွာသုဂတိ ဇာတိ ဇရာ မရဏ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

သူ ဆက်တော့ ဆက်သေးတယ်တဲ့ သောတာပန် ဟာ. . . (မှန်ပါ)၊ဆက်ပေမယ့်လည်း အပါယ်ကျတဲ့တဏှာ. . . (မဟုတ်ပါဘူး)၊ အပါယ်ကျတဲ့ ဥပါဒါန်. . . (မဟုတ်ပါဘူး)၊ အပါယ်ကျတဲ့ ကမ္မဘဝ. . . (မဟုတ်ပါဘူး)၊ ဒါဖြင့် အပါယ် ဇာတိလို့ဆိုလို့ ရသေးရဲ့လား. . . (မရပါဘူး)။

ဒါဖြင့် နတ်ဇာတိ လူဇာတိ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ခုနင်က ဟာကတော့ ရဟန္တာ ဟောတာ. . . (မှန်ပါ)၊ အခု ဟာကတော့ သောတာပန်ဟောတာ. . . (မှန်ပါ)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

## သောတာပန်လောက် တည်ရင်

အဲဒီတော့ သောတာပန်လောက်တည်တယ်ထားပါတော့၊ တပည့်တော်တို့ဖြင့် ဝေဒနာနိရောဓ တဏှာနိရောဓ ရောက်ပြီးပြီဘုရား၊ ရောက်ပြီးပေမယ့်လည်း သား လင် ခင်ပွန်း နဲ့နေကြ၊ ရောင်းရေးဝယ်ရေးနဲ့ နေကြတယ်၊ ဒီဘက်ဆက်တော့ ဆက်သေးတယ်. . . (မှန်ပါ)၊ မကုန်သေးတဲ့ ကိလေသာ ပြန် ဆက်တယ်. . , (မှန်ပါ)၊ရှင်းပလား. . . (ရှင်းပါပြီ)။

၄-ပုံတစ်ပုံ ပယ်ထားတော့ ၃-ပုံက ဒီဘက်မဆက်ပေဘူး လား. . . (ဆက်ပါတယ်)၊ အဲ. . . ဆက်ပေမယ့်လည်း မကြောက်နဲ့. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒီတဏှာ ဘာတဏှာတုံးလို့ မေးတော့ အပါယ်မကျတဲ့ တဏှာ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒီဥပါဒါန်ဘာပါ လိမ့်. . . (အပါယ်မကျတဲ့ ဥပါဒါန်ပါ)၊ ဒီကမ္မဘဝဟာ ဘာပါ လိမ့်. . . (အပါယ်မကျတဲ့ ကမ္မဘဝပါ)၊ ဒါဖြင့် ဒီဥစ္စာ အပါယ် ဇာတိမဟုတ်ဘူး. . . (မဟုတ်ပါဘူး)၊ အပါယ် ဇရာ မရဏ မ ဟုတ်ဘူး. . . (မဟုတ်ပါဘူး)၊ နတ်ရွာ သုဂတိ ဇာတိ ဇရာ မရ ဏ. . . (မှန်ပါ)၊ ဆိုတော့ အများကြီး သက်သာခွင့်ရတယ်. . . (ရပါတယ်ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ အများကြီး သက်သာခွင့်ရတယ်ဆိုတာ. . . ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## အတော်သက်သာခွင့်ရပြီ

ဩော်. . . ဒါဖြင့် တို့ဟာ အတော်သက်သာခွင့် ရပါပေါ့ လား. . . (မှန်ပါ)။

ဘယ့်နှယ် ဆိုကြမလဲ. . . (အတော်သက်သာခွင့်ရပါပြီ ဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဘုရားက ရှင်းပြတယ်၊ ဒီ သက်သာခွင့် ဆိုတာကွာ တဲ့ မင်း သာမည မပြောပါနဲ့တဲ့၊ ငါ ဘုရား ဥပမာနဲ့ ပြောတာကို ယောတာပါတဲ့. . . (မှန်ပါ)၊ဒကာ

ဒကာမတွေ နှစ်သိန်းလေးသောင်းရှိတဲ့ မဟာပထဝီမြေကြီးမှာ အမှုန့်ပေါင်း ဘယ်လောက်ရှိပါ့မတုံး. . . (မရေတွက်နိုင်ပါဘူး)၊ အဲဒါတွေ ခုနစ်မှုန့်ပဲ ကျန်တော့တယ်တဲ့၊ ကျန်တာတွေ ခင်ဗျားတို့ မြေကြီးမဟုတ်ဘူး. . . (မှန်ပါ)၊ ခုနစ်မှုန့်ပဲ ကျန်တော့တယ်၊ ကျန်တဲ့မြေကြီးတွေဖြင့် ခင်ဗျားတို့က အကုန်. . . ကျန်တဲ့ မြေကြီးလောက်ရှိတဲ့ ဒုက္ခတွေသိမ်းပြီးပြီ. . . (မှန်ပါ)၊ ခုနစ်မှုန့်လောက် ကျန်တော့တယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## အပါယ်မကျတော့ဘူး

ကဲ. . . ဘယ်လောက် သက်သာခွင့်ရတယ်ဆိုတာ ဒကာကြွယ် ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)၊ ဆက်ချင်ဆက်ပေစေတဲ့။ အပါယ်မကျတဲ့ တဏှာ၊ ဒုက္ခချုပ်ပြီးသားပုဂ္ဂိုလ်များမှာ. . . (မှန်ပါ)၊ အပါယ်မကျတဲ့. . . (ဥပါဒါန်ပါ)၊ အပါယ်မကျတဲ့. . . (ကမ္မဘဝပါ)၊ ဒါဖြင့် ဘာဇာတိဆိုမတုံး. . . (နတ်ရွာသုဂတိ ဇာတိပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ သုဂတိဇရာ၊ သုဂတိမရဏ ဆိုတော့ ဩော်. . . မြင်းမိုရ်တောင်ကြီးဟာ သဲတွေကျောက်တွေ ပုံနေတဲ့ဥစ္စာ ဒကာ ဒကာမတို့အောက်လည်း ရှစ်သောင်း လေးထောင်, အထက်လည်း ရှစ်သောင်းလေးထောင်မြင့်တဲ့ မြင်းမိုရ်တောင်ကြီးဟာ ဇီးစေ့ ခုနစ်လုံးလောက်သာ ကျန်တော့တယ်. . . (မှန်ပါ)၊ကျန်တဲ့ မြင်းမိုရ်တောင်ကြီးလောက်

ဒုက္ခ ရောက်စရာ သူများပါးစပ်ထဲ အသက် ထွက်တာတွေ၊ အပါယ် လေးပါးကျစရာတွေ အကုန်-ကုန်သွားပြီ. . . (မှန်လှပါ)၊ အဲဒီ တော့ အားငယ်စရာ ရှိကြရဲ့လား. . . (မရှိပါဘူးဘုရား)။

## ကြိုးစားဖြစ်အောင် ကြိုးစားပါ

အေး. . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို အလွန်ပဲ ကယ်တင်နေတယ်ဆိုတာတော့ အားလုံး ပေါ်ကြပါပြီ. . . (ပေါ်ပါပြီဘုရား)၊ ကဲ. . . ကြိုးစားဖြစ်အောင် ကြိုးစားပါနော်. . . (မှန်ပါ)၊ ဆက်ပေမယ့်လည်း ဒုက္ခချုပ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ မကြောက်ရဘူးဆိုတာလည်း ယနေ့ရှင်းပြတယ်. . . (မှန်ပါဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ မြင်းမိုရ်တောင်ကြီးလောက်ဟာတော့ ကုန်ပြီ၊ ခုနစ်ခုလောက် ဒုက္ခကလေးဟာတော့ သူပြန်ဆက်တယ်. . . (မှန်ပါ)၊ မဆက်ဘူးလား. . . (ဆက်ပါတယ်ဘုရား)။

## ရဟန္တာကျတော့

အဲဒါကလေးဟာလည်း ဟာ . . . ဒီ ခုနစ်ခုဒုက္ခလည်း မကြိုက်တော့ပါဘူးဆိုရင် ဆက်အားထုတ်. . . (မှန်ပါဘုရား)၊ ဆက်အားထုတ်လို့ရှိရင် ဖြစ်-ပျက် ဆုံးတာကို သေသေချာချာ ဒုတိယပတ် မြင်ပြန်ပြီ၊ ဖြစ်-ပျက်ဆုံးတာ မြင်ပြန်ပြီ၊ ဖြစ်-ပျက်

ဆုံးတာမြင်ပြန်ပြီလို့ လေးခါလောက် မြင်ရင် ရဟန္တာဖြစ်တယ်. . . (မှန်ပါ)၊ အဲဒီပုဂ္ဂိုလ်ကျတော့ ဘယ်တော့မှ မဆက်တော့ဘူး. . . (မှန်ပါ)။

ရဟန္တာကျတော့. . . (ဘယ်တော့မှ မဆက်တော့ပါဘူး)၊ ၂-က ၃-ကို. . . (မဆက်တော့ပါဘူးဘုရား)၊ ဘယ်တော့မှ မကူးဘူးဆိုတာ သေသေချာချာမှတ်ပါ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သောတာပန်ကတော့

သောတာပန်လောက်ကတော့ကူးသေးတယ်. . . (မှန်ပါ)၊ ကူးငြားသော်လည်း စိုးရိမ်စရာ အကြီးစားလား၊ အသေးစားလား. . . (အသေးစားပါဘုရား)။

ဒါကြောင့် ဘာမှပူစရာမလိုပါဘူးဆိုတာကို ဒကာ ဒကာမတို့ ယနေ့ရှင်းရှင်းကြီးပြောပါတယ်. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါ-ပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒါဟာ ဆုတောင်းနဲ့မှ ဖြတ်လို့ရမှာလား တပည့်တော် ဝဋ်ဘဝတိုတိုနဲ့ မင်္ဂလေးတန် ဖိုလ်လေးတန် အမြန်ကြီး ရ-ရပါလို၏ ဆိုလို့ ဒီအဆက်က ပြတ်မလား. . . (မပြတ်ပါဘူး)၊ အခုမှ သေသေချာချာ ပေါ်လာတယ်. . . (မှန်ပါ)။

ကဲ. . . ဒကာ ဒကာမတွေ မဟာမြတ်မုနိ တောင်းခဲ့တာလည်း ကြာပါပြီ. . . (ကြာပါပြီဘုရား)၊ တစ်ခါတလေ အားမရ

တာနဲ့ ရွှေကြက်ယက်ဆုတောင်းပြည့်များ သွားလိုက်ရသေးတယ်၊ ပြည့်အောင် ပြည့်အောင်. . . (မှန်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒီအဆက်က ဖြိုကို မဖြိုဘူး. . . (မှန်ပါ)၊ ဒီအဆက်က မဂ်နဲ့ဖြတ်ရင်ဖြတ် မင်းဆုတောင်းနဲ့ လာမဖြတ်နဲ့ မရဘူးတဲ့. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဒါဖြင့် ဘာနဲ့ဖြတ်ရမလဲ. . . (မဂ်နဲ့ဖြတ်ရပါမယ်)။

## ကိုယ့်ကိုယ်ကို ကယ်ကြပါ

ဒါဖြင့် သူ့ကို ဖြစ်-ပျက်ရှုမှ ဒီနေရာ မဂ်ပေါ်မယ်. . . (မှန်ပါ)၊ သူ့ကို ဖြစ်-ပျက် မရှုကြရင်. . . (မဂ်မပေါ်ပါဘူး)၊ ဘယ်သူမှ မကယ်နိုင်ဘူး. . . (မှန်ပါ)၊ ကိုယ့်ကိုယ်ကို ကယ်ကြပါ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘယ်သူ့ ကယ်ရမှာတုံး. . . (ကိုယ့်ကိုယ်ကို ကယ်ရမှာပါ)၊ အဲ. . . ဆရာသမား ပေးထားတဲ့နည်းနဲ့ ကိုယ့်ကိုယ်ကို ကယ်ကြပါဆိုတာ ယနေ့ အကြီးအကျယ် ပြောတာပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒေဝဒတ်

ဘုရားသာ ကယ်နိုင်လို့ရှိရင် ဒေဝဒတ်ဟာ ဒီလို ဆက်သွားနိုင်တော့မယ်. . . (မှန်ပါ)၊ သူ ဘုန်းကြီးတဲ့ ဝေဒနာပေါ့ဗျာ. . . (မှန်ပါ)၊ ဘုန်းကံကြီးတဲ့ ဝေဒနာကို သူ သိပ်ပြီးတော့

သာယာတယ်၊ စွဲလမ်းတယ်. . . (မှန်ပါ)၊ အားထုတ်တော့ ဇာတိ ဇရာ မရဏဆိုတဲ့ အဝီစိပေါ်လာတယ်. . . (မှန်ပါ)၊ ဘုရားဖြတ် လို့မရဘူး. . . (မရပါဘူး)၊ ရရဲ့လား. . . (မရပါဘူး)။

## ဘုရားနဲ့ ဘာတော်ပါလိမ့်

ဟာ. . . ဒေဝဒတ်နဲ့ ဘုရား ဘာတော်ပါလိမ့်မတုံး. . . အို. . . ယသော်ဓရာဟာ ဒေဝဒတ်ရဲ့ နှမပဲ. . . (မှန်ပါ)၊ ဒီ့ထက် ရင်းတာ ရှိသေးသလား. . . (မရှိပါဘူးဘုရား)၊ အဲဒါကို ဖြတ် မပေးနိုင်ဘူး. . . (မှန်ပါ)၊ သူ့ဟာသူ ဆက်သွားတာနဲ့. . . (မှန်ပါ)။

ဒီမှာလည်း ဘုန်းကြီးတို့ ပြောတတ်တာရှိတာပဲ၊ ခင်ဗျား တို့ဟာ ခင်ဗျားတို့ ဆက်သွားရင် ဒေဝဒတ်မျိုးသာ မှတ်ပေ ရော့. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ မဆက်ကြပါနဲ့၊ ဒေဝဒတ်မျိုးထဲလည်း ဒီထဲဝင်ချင်တဲ့ပုဂ္ဂိုလ်ပါသေးသလား. . . (မပါ-ပါဘူး)။

## ဒေဝဒတ်ဟာ ဘာဖြစ်နေသတုံး

ဒေဝဒတ်ဟာ အခု ဘာဖြစ်နေသတုံးဆိုတော့ ထန်းပင်လုံး လောက်ရှိတဲ့ သံလုံးကြီး ခေါင်းကနေ ဒွါရထွက်တယ်၊ ရင်ကနေ လျှိုလိုက်သေးရဲ့ ဟိုဘက်ဘေး ဒီဘက်ဘေး ပေါက် တယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒီလို ခံနိုင်

ရည်ရှိပါ့မလား. . . (မရှိပါဘူး)၊ သံပူကြီးတွေ ထိုးထား တယ်. . . (မှန်ပါ)။

သို့သော်လည်း ဘယ့်နှယ်ကြောင့် သူ အထိုးခံရပါလိမ့်မ လဲ မေးတဲ့အခါကျတော့ ဒကာ ဒကာမတို့ ကြီးကျယ်တဲ့ ကံတွေ သူလုပ်တယ်. . . (မှန်ပါ)၊ ကြီးကျယ်တဲ့တဏှာ ကြီးကျယ်တဲ့ ဥပါဒါန်ကြောင့် ကြီးကျယ်တဲ့ ကံ ဖြစ်တယ်. . . (မှန်ပါ)။

## ကြီးကျယ်တဲ့ ကံတွေ လုပ်တယ်

သူက ကြီးကျယ်တဲ့ တဏှာနဲ့ ဘုရားလုပ်ချင်တာ. . . (မှန်ပါ)၊ စွဲစွဲလမ်းလမ်း ဘုရားဖြစ်ချင်တာ. . . (မှန်ပါ)၊ အဲဒီတော့ သူဟာ ကြီးကျယ်တဲ့ ဘုရားသတ်တဲ့ကံတွေ လုပ်လိုက်ပါ တယ်. . . (မှန်ပါ)၊ သွေးစိမ်းတည်တဲ့ ကံတွေ မလုပ်လိုက်ဘူး လား. . . (လုပ်လိုက်ပါတယ်ဘုရား)၊ ဟောဒီကျတော့ ဇာတိ ဇရာ မရဏဆိုတဲ့ဥစ္စာ ထန်းပင်လုံးလောက် သံလုံးတွေနဲ့ လျှို တဲ့ အကျိုးခံရတယ်. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲဒီတော့ ဘုရား တတ်နိုင်ရဲ့လား. . . (မတတ်နိုင်ပါဘူး ဘုရား)၊ မတတ်နိုင်ပါဘူးနော်. . . (မှန်ပါ)၊ ဒေဝဒတ်ဟာ ကုမရ တော့ဘူးလို့ ဘုရားကပဲ ဟောလိုက်တယ်. . . (မှန်ပါ)၊ ဘယ်လို ဟောပါလိမ့်. . . (ကုမရတော့ဘူးလို့ ဟောပါတယ်)။

အဲ. . . ခင်ဗျားတို့ကတော့ ကုရတဲ့ ပုဂ္ဂိုလ်ထဲမှာပါပါ တယ်. . . (မှန်ပါ)၊ ဒေဝဒတ်ကတော့ ကုကို မရဘူး. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## တဏှာ၊ ဥပါဒါန်ကြီးလို့ ကံကြီးသွားတာ

ကုလို့ ဘယ်ရတော့မတုံး၊ ဘုရားကို ကျောက်မောင်းဆင်ချတော့ ဘုရားမှာ သွေးစိမ်းထွက်တယ်၊ သွေးစိမ်းတည်တဲ့ ကံပြုတယ်၊ သံဃာ သင်းခွဲတဲ့ကံ ပြုတယ်ဆိုတော့ ဘုရားတားလို့မရဘူး. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒီ တဏှာကြီးလို့ ဒီဥပါဒါန်ကြီးလို့ ဒီ ကံ ကြီးသွားတာ. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါ ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ နားလည်တာက ဒကာကြွယ်တို့က ဒေဝဒတ်က ကံကြီးပြုတယ်ဆိုတော့ ဒါတင်မှတ်နေတယ်. . . (မှန်ပါ)၊ မဟုတ်ပါဘူး၊ ဒီ တဏှာ ကြီးကျယ်လို့ ဒီကံကော. . . (ကြီးကျယ်ပါတယ်ဘုရား)၊ ဒီ ဥပါဒါန်ကြီးကျယ်လို့ဘာတုံး. . . (ဒီကံကြီးကျယ်ပါတယ်ဘုရား)၊ ဒီကံကြီးဆိုတာ ကံကနောက်မှ ကြီးရတာ. . . (မှန်ပါ)၊ ဒီတဏှာက သူက ဘုရားလုပ်ချင်တဲ့ တဏှာက အင်မတန်ကြီးကျယ်တယ်. . . (မှန်ပါ)၊ အဲဒီတော့ ဥပါဒါန်ကကော. . . (ကြီးကျယ်ပါတယ်ဘုရား)၊ အဲဒါကြောင့် ဒီကံကြီးသွားတာ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒီတဏှာ ဖြတ်လို့ ရှိရင် ဒီကံ အလိုလိုပြတ်တယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်း ပါပြီ)။

## ဘယ်ဟာကြောက်စရာကောင်းသတုံး

ဒါဖြင့် တဏှာကြောက်ရမှာလား. . . ကံ ကြောက်ရမှာ လား. . . (တဏှာကြောက်ရမှာပါဘုရား)။

အဲ. . . တဏှာကြောက်ရမယ်ဆိုတာ ကြည့်လေ၊ ဝေဒနာ နဲ့ ကံ သူကဆက်ပေးမှုဖြစ်တာ. . . (မှန်ပါ)၊ သူက မဆက် ရင် ဒီဘက်ကံဟာ အဝေးကြီး ကျန်သေးတယ်. . . (မှန်ပါ)၊ မကျန် ဘူးလား. . . (ကျန်ပါတယ်)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ကံနဲ့ တဏှာ ဘယ်ဟာ ကြောက်စရာကောင်းသတုံး. . . (တဏှာ ကြောက်စရာကောင်း ပါတယ်)၊ နို့ ခင်ဗျားတို့က ဘာကြောက်နေကြသလဲ. . . (ကံ ကြောက်နေကြပါတယ်)၊ ဟာ လွဲကုန်ပြီ. . . (မှန်ပါ)၊ လွဲကုန်ပြီ ဒီမှာ ပုံစံရှိနေပြီ၊ ဘုရားဟော ပါဠိတော်. . . ၊ဝေဒနာပစ္စယာ. . . (တဏှာပါ)၊ ကဲ. . . ဒါကြောင့် ပြောတာ. . . (မှန်ပါ)၊ ဒကာကြွယ်တို့က ဘာကြောက်နေသတုံး. . . (ကံကြောက်နေပါ တယ်)၊ ဟာ ကံကအဝေးကြီး ဒကာကြွယ်၊ ဒီဘက်မှာ(မှန်ပါ)၊ တဏှာက ကျေးဇူးပြုလို့ ဥပါဒါန် ရောက်ရဦးမယ်၊ ဥပါဒါန်က ကျေးဇူးပြုမှ ကံကို ရောက်ရမယ်. . . (မှန်ပါ)၊ ဒီတော့ တဏှာ မပါရင် ဒီကံတွေ ဖြစ်ပါ့မလား. . . (မဖြစ်ပါဘူး)။

## တဏှာကြောက်စရာကောင်းတယ်

ဒါဖြင့် တဏှာနဲ့ ကံ ဘယ်ဟာ ကြောက်စရာကောင်းသတုံး. . . (တဏှာကြောက်စရာ ကောင်းပါတယ်)၊ ပေါ်ပြီ. . . (မှန်ပါ)။

အဲဒါ ခင်ဗျားတို့ ပုံစံထဲလည်းကြည့်ပါ. . . (မှန်ပါ)၊ ကျုပ်ဖြင့်ဗျာ မကောင်းတဲ့ကံတွေ သိပ်ကြောက်တာပဲ. . . တဲ့၊ ဟာ. . . အဖျားကြောက်နေတာ၊ အရင်းကို ကြောက်တာမဟုတ်ဘူး. . . (မှန်ပါ)၊ အရင်းက တဏှာလာတာ၊ ဒီမှာကြည့်လေ. . . ဝေဒနာပစ္စယာ. . . (တဏှာပါဘုရား)၊ တဏှာလာမှ ဥပါဒါန်ကကော. . . (လာပါတယ်)၊ ဥပဒါနပစ္စယာ. . . (ကမ္မဘဝေါ)၊ ဟာ. . . အဝေးကြီးပါလား. . . (မှန်ပါ)၊ အဝေးကြီးသူ့ကို ကြောက်နေကြတယ်. . . (မှန်ပါ)၊ တဏှာလုပ်မှဖြစ်တဲ့ ဥပါဒါန် ကံပါ. . . (မှန်ပါ)၊ တဏှာရှိမှဖြစ်တဲ့ကံ၊ ဥပါဒါန်ရှိမှ. . . (ဖြစ်တဲ့ကံပါ ဘုရား)။

ဒါဖြင့် ကံကြောက်ရမှာလားတဲ့၊ အရင်းကျကျ တဏှာကြောက်ရမှာလား. . . (အရင်းကျကျ တဏှာ ကြောက်ရမှာပါဘုရား)။

## တဏှာကြောက်ရင် ဝေဒနာဖြစ်ပျက်ရှု

တဏှာ ကြောက်လို့ရှိရင် ဝေဒနာ ဖြစ်-ပျက်ရှုဆိုတော့ တဏှာကိုမလာဘူး. . . (မှန်ပါ)၊ စိတ် ဖြစ်-ပျက်ရှုရင်ကော. . . (တဏှာမလာပါဘူး)။

ဒါဖြင့် ကျုပ်တို့က အကြောင်းသတ်တယ်၊ ခင်ဗျားတို့က အကျိုးကြောက်နေတယ်. . . (မှန်ပါ)၊ပေါ်ကြပလား. . . (ပေါ်ပါ ပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဒီနေ့ကစပြီး တဏှာကြောက်စရာကောင်းသဟေ့. . . (မှန်ပါ)၊ ကံ ကြောက် စရာမကောင်းဘူး၊ အဝေးကြီးကိုဗျ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

တကယ်ကျေးဇူးပြုတာက ဘာပါလိမ့်. . . (တဏှာက ကျေးဇူးပြုပါတယ်ဘုရား)၊ ဒါဖြင့် တဏှာဖြတ်ချင်ရင် ဖြစ်-ပျက် ရှု. . . (မှန်ပါ)၊ ဖြစ်-ပျက်ရှုလိုက်တော့ ဒီအဆက်ကလေး ဘယ့်နှယ်ဖြစ်သွားသတုံး. . . (ပြတ်သွားပါတယ်)၊ သဘောပါ ပလား. . . (ပါ ပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ တဏှာနဲ့ ကံ ဘယ်ဟာအရေး ကြီး ဖြတ်ရမှာတုံး. . . (တဏှာအရေးကြီးဖြတ်ရမှာပါ)၊ ကံ ကို ပဓာနထားပြီး မဖြတ်ပါနဲ့၊ တဏှာ ဖြတ်လိုက်ရင် ကံ အလိုလို ပြတ်တယ်. . . (မှန်ပါ)၊ ဒါ ပဋိစ္စသမုပ္ပါဒ် နည်းနော်. . . (မှန်ပါ)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ကျေနပ် သဘောကျ ပလား. . . (ကျပါပြီ)၊ ကိုယ့်ကိုယ်ကိုကော ချိန်ခွင်ထဲထည့် ချိန် တတ်ပလား. . . (ချိန်တတ်ပါပြီ)၊ ဒီနေ့ ဘယ်နှခါ ဆက်ပါ လိမ့်. . . (မရေတွက်နိုင်ပါဘူး)၊ ကိုယ့်ဟာကိုယ် ဘယ်နှခါဆက် ပါလိမ့် ကိုယ့်ဟာကိုယ်တွေး၊ မရေတွက်နိုင်တာတွေနဲ့ သွားလုပ် မနေနဲ့ဦး၊ ကိုယ်ကျိုး နည်းနေဦးမယ်. . . (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

## အလုပ်နဲ့ ဖြတ်မှရမယ်

ဒီနေ့ ဘယ်နှခါ ဆက်ပါလိမ့်ဆိုတာ တွေး၊ ဒီနေ့ ဘယ်နှခါ ပြတ်ပါလိမ့်မလဲဆိုတာ တွေးလုံးထုတ်. . . (မှန်ပါ)၊ အဲဒီတော့ နေ့လယ်က ဆက်ထားတာတွေ ညတော့ဖြတ်မှာပဲလား. . . (မှန်ပါ)၊ ဆိုပြီး ညကျတော့ ထိုင်လိုက်တာပေါ့. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ အဲဒီကဲ့သို့ အလုပ်နဲ့ ဖြတ်မှပဲ ရမယ်. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါ ပါပြီ)။

## ဖြစ်ပျက်ပေါ်တိုင်းမဂ်ကလိုက်ပါ

ဘာနဲ့ဖြတ်ကြမယ်. . . (အလုပ်နဲ့ ဖြတ်ရပါ့မယ်)၊ အလုပ်နဲ့ ဖြတ်မှရမယ်ဆိုတာက ဟိုက ဖြစ်-ပျက်ရှိမှ ဖြစ်-ပျက်ပေါ်တိုင်းလည်း ဒီက မဂ်လိုက်မှ. . . (မှန်ပါ)၊ မဂ်လိုက်တော့ ဒီအဆက်ဘယ့်နှယ် ဖြစ်သွားသတုံး. . . (ပြတ်သွားပါတယ်)၊ ၂နဲ့ ၃ ဆက်ရေးရှိသေးရဲ့လား. . . (မရှိပါဘူး)။

ဩော်. . . ဒါဖြင့် တို့ သည်ကားလို့ဆိုရင်ဖြင့် ပစ္စုပ္ပန်အကြောင်းတွေ လုပ်ဖြစ်သေးရဲ့လား. . . (မလုပ်ဖြစ်ပါဘူး)၊ ဒါဖြင့် အနာဂတ်အကျိုး ဘယ့်နှယ်နေသတုံး. . . (မလာပါဘူး)၊ အနာဂတ်အကျိုးတွေ မလာတော့ဘူး. . . (မှန်ပါ)၊ ဩော်. . . တယ်ကျေးဇူးများ ပါလားဆိုတာ သူများပြောလား. . . မျက်မြင်လား. . . (မျက်မြင်ပါ)။

# မဂ်သည် နိဗ္ဗာန်ဘက်သွားတယ်

အခုတော့ဖြင့် ဝေဒနာ ဖြစ်-ပျက်ရှုလည်း ဒီနေရာ မဂ်ပေါ်တာပဲ. . . (မှန်ပါ)၊ မဂ်ပေါ်ရင် ဒီအစပ်ဟာ ဘာဖြစ်သွားသတုံး. . . (ပြတ်သွားပါတယ်)၊ စိတ်ဖြစ်-ပျက်ရှုရင်လည်း ဒီနေရာ မဂ်ပေါ်တာပဲ. . . (မှန်ပါ)၊ ဒီအစပ်ဘာဖြစ်သွားသတုံး. . . (ပြတ်ပါတယ်)။

ဒီအစပ် ပြတ်တော့ကို ဒီမဂ်ဟာ ဘယ်သွားသတုံးဆိုတော့ ဟောဒီဘက် နိဗ္ဗာန်ဘက် တဏှာနိရောဓ နိဗ္ဗာန်ဘက်သွားလိုက်တယ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ကဲ. . . ဒီနေ့ နာရီစေ့ပြီ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။